The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်၊ သောကြာနေ့၊ (20-8-2010) (ဖြေ၉၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၉၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၉၂/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်)

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(ထ၀/၈၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၄၁) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနက် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဩဂုတ် ၁၉ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၇)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၄၂)ပါတီအနက် (၄၁)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပင်ဖျက်ပိုးကာကွယ်နှိမ်နင်းပေးသည့် တမာပိုးသတ်ဆေး

တမာတစ်ပင်လုံး ဆေးဖက်ဝင်သည်ကို မြန်မာများအသိပင် ဖြစ်ပါသည်။ တမာတစ်ပင်လုံး၏ ပွင့်သီးမြစ်ခေါက်တို့ကို ကျန်းမာရေးအတွက် အသုံးပြုသည်။ အထက်အညာဒေသတွင် တမာပင်များ ပေါများစွာ ပေါက်ရောက်သည်။ ကားလမ်းဘေးဝဲ၊ ယာတစ်လျှောက် ပေါက်နေသည့် အညာ တမာတန်းကို မုံရွာ၊ ရေဦးကားလမ်းတစ်လျှောက်နှင့် မကွေး၊ ပခုက္ကူတစ်ဝိုက်တွင် တွေ့ရသည်။ အပူပိုင်းဒေသ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် အများဆုံးပေါက်သည်။ မြန်မာ့ဓလေ့တွင် အိမ်ရှေ့တမာပင် စိုက်ကြသည်။

ပခုက္ကူ မြို့လယ်လမ်းမကြီး အလယ်၌ တမာပင်ကြီးများကို နေပြောက်မထိုး တွေ့ရသည်။ တမာသည် အပင်ကြီးမျိုးဖြစ်၍ နှစ်ပေါင်း ၂၀၀ တိုင် သက်တမ်းရှည်သည်ဟုသိရသည်။ တမာပင်၏ မူလဇာစ်မြစ်မှာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြသည်။

ရာစုနှစ်များစွာကပင် မြန်မာတို့သည် တမာကိုသုံးခဲ့ကြသည်။ တမာအကိုင်းချိုး၍ သွားတိုက်သည့်ဓလေ့၊ တမာရွက်ပြုတ်ရည်ဖြင့် အရေပြားအနာဆေးသည့်အလေ့၊ တမာခေါက်မှ အစေးဖြင့် ကော်သုံးသည့် လုပ်ငန်းများလည်းရှိပါသည်။ တမာသည် လယ်ယာစိုက်ပျိုးရေးတွင်လည်း တောင်သူ လယ်သမားများ၊ ဥယျာဉ်ခြံ စိုက်ပျိုးသူများကို အကျိုးပြု နေပါသေးသည်။ ဤသည်မှာ တမာစေ့ကို အမှုန့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံတစ်ဝန်းရှိ ဈေးကွက်သို့ ဖြန့်ဖြူးပေးမည့် တမာပိုးသတ်ဆေးများကို တွေ့ရစဉ်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဆွေရည်

အဆင်အပြင် ခင်မျိုးနိုင်

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင် အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင် အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

(၁၉) ပါတီရှိ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၁) ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၁၉)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထွန်းအောင်လှ(လုပ်ငန်းခွင်ကျန်းမာရေး) ၏ "နှိမ်နင်းကာကွယ် ကြွက်အန္တရာယ်" ဆောင်းပါးကို စာမျက်နှာ (၆) တွင် ဖတ်ရှုနိုင်ပါသည်။

ကြေးမုံ The Mirror
၂၀-၈-၂၀၁၀
(သောကြာနေ့)

ထာဝရငြိမ်းချမ်းရေး အစဉ်ရှေးရှု
တိုင်းရင်းသားပြည်သူများအကျိုး ဝိုင်းဝန်းသယ်ပိုး

ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် အဓိကဖြစ်သည်။ တိုင်းရင်းသားများအားလုံးက သမိုင်းအတွေ့အကြုံများအရ ယင်းအချက်ကို ယုံကြည်လက်ခံထားကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေကြသည်။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍက ပါဝင်ကြိုးပမ်း ထမ်းဆောင်နေကြပြီ။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံဖြစ်တည်နေပြီ။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာ ပေါ်ထွက်လာပြီ။ လမ်း၊ တံတားများ တည်ဆောက်ပေးထားရာ အရှေ့နှင့်အနောက်၊ တောင်နှင့် မြောက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့နေပြီ။ ကူးသန်းဆက်သွယ်သွားလာမှုများ တိုးတက်စည်ပင်လျက်ရှိသည်။ ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသော ပုံရိပ်များပင်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအပေါ် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တူညီသော အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိနေပြီ။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသား အဖွဲ့အစည်းများသည်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်နေကြပြီ။ ငြိမ်းချမ်းရေး၏ ရလဒ်ကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ဒေသခံပြည်သူများ မျှဝေခံစားရရှိနေကြပေပြီ။

နိုင်ငံတော်အစိုးရက နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသား အဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှု အစီအစဉ်များ ပြုလုပ်လျက်ရှိသည်။ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ၌ ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ဒီကေဘီအေအဖွဲ့ဝင်များ နယ်စပ်ဒေသလုံခြုံရေးအတွက် နယ်ခြားစောင့်တပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိကြပြီ။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြပေတော့မည်။ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ကြပေတော့မည်။

ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာကြိုဆိုနေကြပြီ။ နယ်ခြားစောင့်တပ်များအနေဖြင့် ထာဝရငြိမ်းချမ်းရေးအစဉ်ရှေးရှုပြီး နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလုံခြုံရေး ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန် ဆက်လက်သယ်ပိုး ထမ်းဆောင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ပန်းတနော်မြို့နယ်၌ ဂုန်လျှော်စိုက်တောင်သူများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် မြစ်ဝကျေးရွာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၌ ချဉ်ပေါင်လျှော်၊ ဂုန်လျှော်ပင်နှင့် လျှော်မျှင်များကို ကြည့်ရှုစစ်ဆေး၍ ဂုန်လျှော်စိုက်တောင်သူများအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအားတွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူးက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူငွေ၊ ပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ပန်းတနော်မြို့နယ် မြစ်ဝကျေးရွာအုပ်စုရှိ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၌ ချဉ်ပေါင်လျှော်၊ ဂုန်လျှော်ပင်နှင့် လျှော်မျှင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းများအဆင့်မြင့်ရေး ကွန်ကရစ်လမ်းချောခင်း မြို့တော်ဝန် ဦးအောင်သိန်းလင်း လှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဌာနမှူးများ လိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်နှင့် ဗဟန်းမြို့နယ်များရှိ လမ်းများ အဆင့်မြင့်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ သီလလမ်း၊သုတလမ်းနှင့် (၄/၆)ရပ်ကွက်ရှိ ဖြုဟ္မစိုရ်လမ်းများ အဆင့်မြင့်စေရန် ကွန်ကရစ်လမ်းချော ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဗဟန်းမြို့နယ် ဘောဂလမ်းအဆင့်မြင့်စေရန် ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ တော် ဝန် ဦးအောင်သိန်းလင်း တောင်ဥက္ကလာပ မြို့နယ် အမှတ် (၄/၆) ရပ်ကွက်ရှိ ဖြုဟ္မစိုရ်လမ်းအား ကွန်ကရစ် လမ်းချော ခင်းနေမှုကို ကြည့် ရှု စစ်ဆေးစဉ်။
(မြို့တော်စည်ပင်)

ရုရှားဘာသာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ရုရှားဘာသာ (Intensive Course for Tourism) အမှတ်စဉ်(၂) သင်တန်းကို ဩဂုတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ရုရှားဘာသာ ဘွဲ့ရပြီးသူများ၊ ဧည့်လမ်းညွှန်နှင့် စကားပြန် လုပ်လိုသူများ တက်ရောက်နိုင်သည်။ ရုရှားလူမျိုး သင်တန်းဆရာက တစ်ပတ်လျှင် ငါးရက်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဝါရင့်ပုဂ္ဂိုလ်များနှင့် ရုရှားဘာသာဧည့်လမ်းညွှန်များက (Intensive Course for Tourism) သင်တန်း ပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်မည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း-၀၉-၂၀၀၅၆၄၈၊ ၅၄၅၇၀၇၊ ၂၁၄၉၄၁နှင့် ၂၁၄၉၄၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မီးသတ်စခန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် မီးသတ်စခန်းများသို့ ရောက်ရှိပြီး မီးသတ်စခန်းတာဝန်ခံများ၏ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး စီမံချက်များ ရှင်းလင်းတင်ပြမှုအပေါ် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ မီးငြိမ်းသတ်ရာတွင် အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး ငြိမ်းသတ်နိုင်ရန် အမြဲအသင့်ရှိရေး၊ အသက်ကယ်ဆယ်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အမြဲထိတွေ့ အကူအညီပေးရေး၊ မီးသတ်ယာဉ်များ ကြံ့ခိုင်ရေး၊ အသင့်ရှိရေး၊ မီးငြိမ်းသတ်ရာတွင် ရဲဝံ့စွန့်စားသည့် စိတ်ဓာတ်ကို အမြဲထိန်းသိမ်းထားရှိရေး၊ တပ်ဖွဲ့ဝင်များ စည်းကမ်းကောင်းမွန်ရေး၊ မီးလောင်မှုဖြစ်ပွားပါက ယာဉ် / စက် အသင့်၊ လူအသင့်၊ စက်သုံးဆီ အသင့်၊ ရေအသင့်ရှိရေးလုပ်ငန်းများဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီး မီးသတ်စခန်း အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လွိုင်မွေမြို့ မြို့ဝင်ဆိုင်းဘုတ်အတွင်း ပန်းအလှပင်များ စနစ်တကျ စိုက်ပျိုးနေမှုကို ဩဂုတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးအောင်ငွေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထက(၁) ကြည့်မြင်တိုင် ကျောင်းစံပြမောင်မယ်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၉

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၃ရက်က အထက(၁)ကြည့်မြင်တိုင်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့် ဦးဆောင်၍ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများက စုပေါင်း၍ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူလေးများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ရောဂါကြိုတင်ကာကွယ် အသိပညာပေးဟောပြောခြင်း၊ အာဟာရအဖြစ် နို့နှင့်ပေါင်မုန့် ကျွေးမွေးပြီး အထူးအစီအစဉ်အဖြစ် ကျောင်းကျန်းမာရေးစံပြမောင်မယ် ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

(မ၄၆)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ဇာမဏီဆည် ကြံခိုင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းမြင့် သန်လျင်မြို့နယ်ရှိ ဇာမဏီ ဆည်အတွင်း ရေဝင်ရောက်မှုအခြေ အနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဩဂုတ် ၁၈ ရက်တွင် သန်လျင်မြို့နယ် ဇာမဏီဆည် ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးအား ယာယီ ရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးက ဆည် ကြံ့ခိုင်မှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်း လင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင် အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒဂုံ-သီလဝါလမ်းပိုင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စစ်ပင် ကွင်းကျေးရွာ မိုးစပါးစိုက်ကွင်းသို့ ရောက် ရှိရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် မိုးစပါး စိုက်ပျိုးပြင်ဆင်နေမှုကို ကြည့်ရှုအားပေး ပြီး တောင်သူလယ်သမားများနှင့် ရင်းရင်း နှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည် များ မှာကြားဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

ယင်းနောက် သန်လျင်မြို့နယ်ရှိ ရန်ကုန် သမဝါယမဒီဂရီကောလိပ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ သမိုင်း ကြောင်းနှင့် သင်ကြားသင်ယူမှုအခြေ အနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၁၉

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေး ဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ယင်း ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော် ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီး အကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့် ရာထူး၊ဌာန
(က)	ဦးတင့်ဆွေ ဒုတိယညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ)	ဒေါ်ယဉ်ယဉ်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန

ဝန်ကြီး ဒေါက်တာကျော်မြင့်အား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည် ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့် ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ရန်ကုန် ကလေးဆေးရုံကြီးနှင့် စစ်တွေ ကလေးဆေးရုံကြီးတို့တွင် ဆောင်ရွက် မည့် စီမံချက်ဆိုင်ရာ ကိစ္စရပ်များနှင့် နှစ် နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အလားအလာ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn ဦးဆောင်သောအဖွဲ့သည် နံနက် ၁၀ နာရီ ခွဲတွင် လာရောက်တွေ့ဆုံ၍ 3D Fund အဖွဲ့နှင့် ဆောင်ရွက်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ရန်ကုန်မြို့ မြဝတီမင်းကြီးလမ်း ရွှေပေါက်ကံမြို့သစ်နေ ဗိုလ်ကြီး ကျော်သောင်း(ငြိမ်း)-ဒေါ်ခင်မြင့်ဦး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးလှရှိန် လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ တီဘီရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီ ရောဂါဆိုင်ရာ အမြင်သစ်များ (New Perspectives on Tuberculosis) ဟော ပြောပွဲကို ဩဂုတ် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (အေ)၌ ကျင်းပမည် ဖြစ်ကြောင်း၊ ယင်းဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁)အဏုဇီဝဗေဒဌာန ပါမောက္ခ/ ဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ အဆုတ်နှင့်အသက်ရှူလမ်းကြောင်း ဆေးပညာ ဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂) ကလေး ဆေး ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာစောဝင်းနှင့် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ပိုးမွှားဗေဒအထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာ တီတီတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်နိုင်

စိတ်ပါဝင်စားသူ မည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေး တက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့၌လည်းကောင်း၊ ဟောပြောမည့်နံနက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သာစည်မြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

သာစည်မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေး ပွဲနှင့် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ရန်ကင်းမြို့နယ် (၁၁) ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်းရှိ အောင် ချမ်းသာ ကျောင်းတိုက်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာ စကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးထွန်းလွင်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား တင်ပြသည်။

ဆက်လက်၍ အသင်းဝင်သက်ကြီး ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဘိုးဘွားများ ကိုယ်စား ဆရာမကြီးဒေါ်မြညွန့်က ဩဝါဒ စကားချီးမြှင့်ကာ နာယက ဦးလှမိုးနှင့် ဥက္ကဋ္ဌတို့က ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ သုံးဘာသာဂုဏ်ထူးရှင် အသင်း ဝင် ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဒုံဈေး) တို့၏ သား မောင်စွမ်းလူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ချီးမြှင့်ကြောင်း သိရ သည်။ **(အပေါ်ဝဲပုံ)** (ကြေးမုံ)

New Mobile ၏ ငါးသိန်းတန် ဟန်းဆက် အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ဈေးနှုန်းနှင့် ပစ္စည်းမှန်ကန်မှုကြောင့် Customer များ၏ ယုံကြည်စိတ်ချမှုကို ခံယူရရှိထားသော New Mobile ၏ အထူးဈေးရောင်းပွဲတော်ကို ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိ စာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပ မည့် Life Style & Car Expo 2010 ပြပွဲ၌ ပါဝင်ပြသရောင်းချမည် ဖြစ်သည်။

ခင်းကျင်းရောင်းချ

အဆိုပါ ဈေးရောင်းပွဲတော်တွင် နယ်မြေကန့်သတ်ချက် မရှိတော့သဖြင့် လူကြိုက်များလာသော ကျပ်ငါးသိန်းတန် CDMA (800MHz) များ၏ Handset နှင့် အထိုင်ဖုန်းအမျိုးအစားပေါင်း ၅၀ ကျော်ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ ပေးမည်ဖြစ်ပြီး ၎င်း CDMA (800 MHz) ကိုင်ဆောင်ရန် လျှောက်ထားလို သူများကိုလည်း New Mobile က ဝန် ဆောင်မှုပြုလုပ်ပေးမည်ဖြစ်သည်။ ထို့ အပြင် ကမ်းရိုးတန်းသုံး CDMA (450 MHz) Handset နှင့် အထိုင်ဖုန်းများကို လည်းကောင်း၊ စင်ကာပူနိုင်ငံမှတင်သွင်း သော အရည်အသွေးမြင့် GSM Hand- set များကိုလည်းကောင်း စုံလင်စွာ ခင်းကျင်းရောင်းချမည်ဖြစ်သည်။

သုံးလအာမခံ

ထိုသို့ရောင်းချရာတွင် ပြင်ပလက်ရှိ ရောင်းဈေးထက် ဖုန်းအမျိုးအစားပေါ် မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၅၀၀၀မှ ၄၀၀၀၀အထိ ဈေးလျှော့ရောင်းချပေး မည်ဖြစ်ပြီး ရောင်းချသည့်ပစ္စည်းများကို လည်း သုံးလအာမခံပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ထို့ကြောင့် အရည်အသွေးမြင့် Hand- set ကိုင်ဆောင်လိုသူများနှင့် ငွေကျပ် ငါးသိန်းတန် CDMA (450MHz, 800 MHz) ကတ်ဖုန်းကိုင်ဆောင်ရန် လျှောက် ထားသူများ New Mobile ၏ အထူး ဈေးရောင်းပွဲတော်တွင် လာရောက် ဝယ် ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါ က အမှတ်(၂၇၁/၂၇၃) ဗိုလ်အောင် ကျော်လမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၈၆၅၉၄ နှင့် ၀၉-၅၀၉၁၂၈၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရန်ကိုတိုက်ခိုက်လာပါက ကမ္ဘာတစ်ဝန်းရှိ ရန်သူ့အကျိုးစီးပွားများကို ပြန်လည်တုံ့ပြန်မည်

တီဟီရန် ဩဂုတ် ၁၉

အီရန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်လာပါက တိုက်ခိုက်လာသူများ၏ ကမ္ဘာတစ်ဝန်း အကျိုးစီးပွားများကို ပြန်လည်တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

အကယ်၍ ရန်သူနိုင်ငံများက အီရန်ကိုတိုက်ခိုက်လာပါက အီရန်နိုင်ငံအနေဖြင့် အပြည့်အဝပြန်လည်တုံ့ပြန်နိုင်စွမ်းရှိကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ပြောကြားသည်။

ယခုလ အစောပိုင်းကာလတွင် အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ်အဖွဲ့ သဘာပတိ ဗိုလ်ချုပ်ကြီး မိုက်မူလန်က အခြေအနေအရလိုအပ်လျှင် အီရန်ကို တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ဖူးသည်။

ဖျက်အားပြင်းလက်နက်များပြန့်ပွားမှု တိုက်ဖျက်ရေးဌာနခွဲ စီအိုင်အေဖွဲ့စည်း

ဝါရှင်တန် ဩဂုတ် ၁၉

အန္တရာယ်ကြီးမားသော လက်နက်များနှင့် ထုတ်လုပ်မှုနည်းပညာများ ပြန့်ပွားမှုကို တိုက်ဖျက်ရန် ဌာနခွဲအသစ်တစ်ခုကို အမေရိကန် ဗဟိုစုံစမ်းထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။

အဖျက်စွမ်းအား ကြီးမားသောလက်နက်များ ပြန့်ပွားမှုတန်ပြန်တိုက်ဖျက်ရေးဌာနခွဲ စီအိုင်အေဝန်ထမ်းများနှင့် ကျွမ်းကျင်ပညာရှင်များ ပူးတွဲကာ နျူကလီးယား၊ ဓာတုနှင့် ဇီဝလက်နက်များ၏ ခြိမ်းခြောက်မှုအား မည်သို့ရင်ဆိုင်ရမည်ဆိုသည့် အချက်ကို အဖြေထုတ်ကြရမည်ဖြစ်ကြောင်း စီအိုင်အေညွှန်ကြားရေးမှူး လီယွန်ပနက်တာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ ဘူရှီးနျူကလီးယားစက်ရုံ စတင်လည်ပတ်ပါက စီအိုင်အေအပါအဝင် အခြားထောက်လှမ်းရေးအဖွဲ့အစည်းများက ရေဒါနှင့် ဂြိုဟ်တုများ အသုံးပြုကာ အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

နျူစက်ရုံများကို တိုက်ခိုက်ခြင်းမပြုရန် အီရန်အဏုမြူစွမ်းအင် အကြီးအကဲ သတိပေး

တီဟီရန် ဩဂုတ် ၁၉

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို တိုက်ခိုက်မည်ဆိုပါက ယင်းလုပ်ရပ်သည် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုထိုက်သော လုပ်ရပ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲ အလီအက္ကဘာ ဆာလီဟီက သတိပေးလိုက်ကြောင်း အီရန်ရုပ်မြင်သံကြားဌာနဖြစ်သည့် ပရက်စ်တီဗွီက ယနေ့သတင်းထုတ်လွှင့်သည်။

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်သည့် ဘူရှီးစက်ရုံကို ဩဂုတ် ၂၁ ရက်တွင် စတင်လည်ပတ်မည်ဟု မျှော်လင့်ရချိန်တွင် ၎င်းက အထက်ပါအတိုင်း သတိပေးခြင်းဖြစ်သည်။ အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်၏ အဏုမြူအစီအစဉ်နှင့် ပတ်သက်၍ မယုံသင်္ကာ ဖြစ်လျက်ရှိကြသည်။

နိုင်ငံတကာဥပဒေများအရ နျူကလီးယားဓာတ်အားပေးစက်ရုံများကို တိုက်ခိုက်ခြင်းသည် နိုင်ငံတကာရာဇဝတ်ပြစ်မှုကို ကျူးလွန်ခြင်းအဖြစ်မှတ်ယူနိုင်ကြောင်း အလီအက္ကဘာက ပြောကြားသည်။ အကယ်၍ ဘူရှီးဓာတ်အားပေးစက်ရုံ တိုက်ခိုက်ခံရမည်ဆိုပါက မိမိတို့က ပြင်းထန်စွာ လက်တုံ့ပြန်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

တာဝေးပစ်ဒုံးပျံ အမျိုးအစားသစ်များ အိန္ဒိယနယ်စပ်အနီးတွင် တရုတ်ဖြန့်ကြက်ဟုဆို

ဝါရှင်တန် ဩဂုတ် ၁၉

စီအက်စ်အက်စ်-၅ခေတ်မီ တာဝေးပစ်ဒုံးပျံများကို အိန္ဒိယနိုင်ငံနှင့် နယ်စပ်အနီးတွင် တရုတ်နိုင်ငံက ပြောင်းရွှေ့ချထားကြောင်း ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သောအမေရိကန် ပင်တဂွန်စစ်ဌာနချုပ်၏ နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားချက်အရ သိရသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြား နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာခဲ့သော်လည်း အငြင်းပွားနေသည့် နယ်စပ်ပြဿနာမှာတင်းမာနေဆဲဖြစ်ကြောင်း ပင်တဂွန်က ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းသို့ ဒုံးကျည်များပြောင်းရွှေ့ချထားမှုသည် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏လေကြောင်းချီတပ်ဖွဲ့များကို ဒေသတွင်းတစ်ခွင်တစ်ပြင် လက်လှမ်းမီအနေအထားသို့ ရောက်နိုင်အောင် အရွေ့အပြောင်းများလုပ်ဆောင်နေသည့် လက္ခဏာဟု ယူဆရကြောင်း ပင်တဂွန်အစီရင်ခံစာက ဆိုသည်။

အမေရိကန်သမ္မတများ အသုံးပြုစီးနင်းသည့် (Air Force-One) လေတပ် အမှတ် (၁) လေယာဉ်။

အမေရိကန်သမ္မတ၏ လေယာဉ်လမ်းကြောင်းအတွင်း လေယာဉ်ငယ်တစ်စင်းဝင်ရောက်

ဆီယက်တဲလ် ဩဂုတ် ၁၉ ။ ။ အမေရိကန်သမ္မတ ဘာရတ်အိုဘားမား ဆီယက်တဲလ်မြို့သို့ ရောက်ရှိစဉ် ၎င်းစီးနင်းသည့် အမေရိကန် လေတပ်အမှတ်(၁) လေယာဉ်အတွက်ထားရှိသော လေကြောင်းနယ်နိမိတ်ကို လေယာဉ်ငယ်တစ်စင်းက ဩဂုတ် ၁၇ ရက်တွင် ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်ကြောင့် အမေရိကန်စစ်ဘက်သည် ဂျက်တိုက်လေယာဉ်များကို အရေးပေါ်အချက်ပေး ပျံတက်စေခဲ့ရကြောင်း သိရသည်။ အော်ရီဂွန်ပြည်နယ် အမျိုးသားလေကြောင်း အစောင့်တပ်ဖွဲ့မှ ဂျက်တိုက်လေယာဉ် နှစ်စင်းအရေးပေါ်ပျံသန်းမှုကြောင့် အနောက်ဝါရှင်တန်ရှိ ဒေသခံများ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါလေယာဉ်သည် ဆက်စနာ ၁၈၀ အမျိုးအစားရေပြင်ပေါ်အဆင်းအတက် ပြုလုပ်နိုင်သော လေယာဉ်ဖြစ်ပြီး ဆီယက်တဲလ်မြို့မှ ဝါရှင်တန်ရေကန်ကြီးအတွင်းရှိ ယင်းလေယာဉ်အမျိုးအစားများ ဆိုက်ကပ်ရပ်နားရာစခန်းသို့ ပျံသန်းနေခြင်းဖြစ်သည်။ ယင်းသို့ အမေရိကန်သမ္မတလေယာဉ်၏ လေကြောင်းပိုင်နက်ကို လေယာဉ်ငယ်ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းသည် မတော်တဆဖြစ်ရပ်သာဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

အီရန်နျူကလီးယားအစီအစဉ်ကို စစ်ရေးအရတားဆီးမည်ဆိုပါက အစ္စရေးတွင် ရှစ်ရက်သာအချိန်ရှိဟု ကန်သံအမတ်ကြီးဟောင်းပြောကြား

နယူးယောက် ဩဂုတ် ၁၉

နျူကလီးယားစက်ရုံလည်ပတ်ရန် စိုင်းပြင်းနေသော အီရန်နိုင်ငံကို တားဆီးရေးအတွက် အစ္စရေးနိုင်ငံအနေဖြင့် စစ်ရေးအရတိုက်ခိုက်ရန် အချိန် ရှစ်ရက်သာ ရရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်း ဂျွန်ဘော်လ်တန်က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဩဂုတ် ၁၆ ရက်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်က အီရန်နိုင်ငံ၏ ဘူရှီးနျူကလီးယားဓာတ်ပေါင်းဖိုကို ယူရေနီယမ် လောင်စာများထောက်ပံ့ပေးမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ ယူရေနီယမ်လောင်စာ ထောက်ပံ့မှုဖြစ်မြောက်ပါက ဘူရှီးနျူကလီးယားစက်ရုံသည် ဩဂုတ် ၂၁ရက်တွင် စတင်လည်ပတ်နိုင်မည် ဖြစ်သည်။

နျူကလီးယားစက်ရုံလည်ပတ်မှ လေကြောင်းထိုးစစ်ဆင်လျှင် အချိန်နှောင်းသွားမည်ဖြစ်ပြီး တိုက်ခိုက်မှုကြောင့် ရေဒီယိုသတ္တိကြွမှုများ ပျံ့နှံ့သွားမည်ဖြစ်၍ အီရန်အရပ်သားများသာ ထိခိုက်နစ်နာမည်ဖြစ်ကြောင်း ဂျွန်ဘော်လ်တန်က တွေ့ဆုံမေးမြန်းခန်းတွင် သတိပေးပြောကြားသည်။

ယင်းကြောင့် အစ္စရေးတို့အနေဖြင့် ဘူရှီးနျူကလီးယားစက်ရုံလည်ပတ်မှုကို ရပ်တန့်နိုင်ရန် စစ်ရေးအသုံးပြု ရေးအတွက် ရှစ်ရက်မျှသာအချိန်ရှိကြောင်း အမေရိကန်သံအမတ်ကြီးဟောင်းက ပြောကြားသည်။ ***အင်တာနက်။***



တူရကီသံရုံးကို ဝင်ရောက်တိုက်ခိုက်ခဲ့သော ပါလက်စတိုင်းသား သံရုံးလုံခြုံရေးဝန်ထမ်းများက အစ္စရေးအာဏာပိုင်များထံအပ်နှံ

တဲလ်အဗစ် ဩဂုတ် ၁၉

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ တူရကီသံရုံးအတွင်း အတင်းဝင်ရောက်ကာ လက်ထောက်ကောင်စစ်ဝန်တစ်ဦးကို ဓားစာခံအဖြစ်ဖမ်းဆီး၍ ဒုက္ခသည်အဖြစ်ခိုလှုံခွင့်တောင်းခံခဲ့သော ပါလက်စတိုင်းဒေသသားကို တူရကီသံရုံးလုံခြုံရေး ဝန်ထမ်းများက ဖမ်းဆီးထိန်းချုပ်နိုင်ခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် အစ္စရေးအာဏာပိုင်များ လက်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

တူရကီသံရုံးထဲဝင်ရောက်၍ ခုနစ်နာရီအကြာတွင် အဆိုပါ ပါလက်စတိုင်းဒေသသားကို သံရုံးလုံခြုံရေး ဝန်ထမ်းများက ထိန်းချုပ်နိုင်ခဲ့သည်။ ၎င်းသည် ဓားမြှောင်တစ်ချောင်း၊ ဓာတ်ဆီပုံးတစ်ပုံးနှင့် ကျည်ဆန်ကုန်နေသော သေနတ်တစ်လက်ကို ကိုင်ဆောင်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းသို့လုပ်ဆောင်ခဲ့သူမှာ အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့နေ နေဒင်အင်ဂျဖ်ဆိုသူ ပါလက်စတိုင်းဒေသသားဖြစ်ပြီး ၎င်းကိုအစ္စရေးနိုင်ငံတွင်းမှ ထွက်ခွာခွင့်မပြုပါက တူရကီသံရုံးကို ဖောက်ခွဲမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

၂၀၁၁ခုနှစ်ကုန်ပိုင်းတွင် အီရတ်မှ အမေရိကန်တပ်ဖွဲ့များ အပြီးသတ်ထွက်ခွာပြီးနောက် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများကို ပိုမိုငှားရမ်းတာဝန်ပေးရန် အမေရိကန်စီစဉ်

ဝါရှင်တန် ဩဂုတ် ၁၉

၂၀၁၁ခုနှစ် နှစ်ကုန်ပိုင်းတွင် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ လစ်ဟာသွားမည့် လုံခြုံရေးကွက်လပ်တွင် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများကို နှစ်ဆတိုးထည့်သွင်းအသုံးပြုရန် အမေရိကန်အစိုးရက စီစဉ်နေကြောင်း ဩဂုတ် ၁၉ရက် သတင်းများတွင် ဖော်ပြသည်။

လက်ရှိအချိန်တွင် အီရတ်၌ပုဂ္ဂလိကလုံခြုံကုမ္ပဏီများမှ ဝန်ထမ်းပေါင်း ၇၀၀၀ကျော် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းများ၏ အဆိုအရသိရသည်။

အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော စစ်သွေးကြွသောင်းကျန်းသူများ၏ခြိမ်းခြောက်မှုနှင့်ရင်ဆိုင်နေရသည့် အီရတ်အရပ်သားများကို ကာကွယ်နိုင်ရန် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများကို ဆတိုးငှားရမ်းတာဝန်ပေးရေးအတွက် အမေရိကန်အစိုးရကစီစဉ်နေခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင်းရှိ အဓိကနေရာ ငါးနေရာတွင် လုံခြုံရေးတာဝန်ယူကြရမည့် ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီဝန်ထမ်းများသည် ရန်သူ့ဒုံးကျည်ပစ်ခတ်မှုကို ကြိုတင်အသိပေးနိုင်ရန် ရေဒါများကို ကိုင်တွယ်အသုံးပြုကြရမည်ဖြစ်သည်။

ယင်းအပြင် လမ်းဘေးဗုံးရှာဖွေခြင်း၊ မောင်းသူမဲ့လေယာဉ် ကင်းလှည့်ပျံသန်းမှုနှင့် အရပ်သားများ ဘေးအန္တရာယ် ကျရောက်မှုကိုကူညီရန် အရေးပေါ်တုံ့ပြန်ရေးတာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

အီရတ် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခု၏ သံချပ်ကာ မော်တော်ယာဉ် ဘဂ္ဂဒက်မြို့လယ်တွင် ကင်းလှည့်နေစဉ်။

နိုင်ငံတကာသတင်းများ

နောက်ဆုံးကျန် အမေရိကန်တိုက်ခိုက်ရေးတပ်မဟာ အီရတ်မှ ထွက်ခွာပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ၏ နောက်ဆုံးကျန်ရှိသော တပ်မဟာသည် အီရတ်နိုင်ငံမှ ကြာသပတေးနေ့တွင် ထွက်ခွာသွားခြင်းမှာ ယင်းနိုင်ငံအတွင်း အမေရိကန်တို့၏ စစ်ဆင်ရေးများ အဆုံးသတ်ခြင်းဖြစ်ပြီး အီရတ်နိုင်ငံ၏ အနာဂတ် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်လိုက်သည့် လက္ခဏာဖြစ်သည်။

အမှတ်(၄) အက်စ်ထရိုင်ကာတပ်မဟာ၊ အမှတ်(၂) ခြေလျင်တပ်မ၏ တပ်ဖွဲ့ဝင် ၃၆၀ပါဝင်သော နောက်ဆုံး မော်တော်ယာဉ်တန်းကြီးသည် ကူဝိတ်နိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသည်။ **(အောက်ပုံ)** ၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်နေ့မှ စတင်ခဲ့သော အမေရိကန်တို့၏ အီရတ်စစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး၄၄၁၅ဦး သေဆုံး၍ ၃၂၀၀၀ နီးပါး ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၆၀၀၀ ကျော်၏ ထွက်ခွာမှုသည် လာမည့်ရက်သတ္တပတ်အတွင်း ပြီးစီးနိုင်မည်ဟု မျှော်လင့်ရသည်။ တိုက်ခိုက်ရေးမဟုတ်သော တပ်ဖွဲ့ဝင် ၅၀၀၀၀ သည် အီရတ်နိုင်ငံတွင် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ***အင်တာနက်။***

နီပေါဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်မည့်နေ့ရက် ထိပ်တန်းနိုင်ငံရေးပါတီများ သဘောတူညီ

ခတ္တမန္ဒူ ဩဂုတ် ၁၉

နီပေါနိုင်ငံတွင် ဝန်ကြီးချုပ် ရွေးချယ်နိုင်ရန် ပဥ္စမအကျော့မဲပေးမှုကို ဩဂုတ် ၂၂ ရက်ထက်စောကာ ကျင်းပခြင်း မပြုရန် ထိပ်တန်းနိုင်ငံရေးပါတီများက ဩဂုတ် ၁၈ ရက်တွင် သဘောတူညီလိုက်ကြသည်။

ဝန်ကြီးချုပ် ရွေးချယ်နိုင်ရန် စတုတ္ထအကျော့ မဲပေးမှုကို ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့သည်။ သို့ရာတွင် ပါလီမန် အမတ်များက အဆိုပြုသည့် မည်သည့်ကိုယ်စားလှယ်လောင်းကမျှ ထောက်ခံမဲ အများစုကို မရရှိသဖြင့် ဝန်ကြီးချုပ်ကို တင်မြှောက်နိုင်ခြင်းမရှိပေ။

ဩဂုတ် ၅ ရက် မဲပေးပွဲတွင် နီပေါကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ပရာချန်ဒါနှင့် နီပေါကွန်ဂရက်ပါတီ ဒုတိယဥက္ကဋ္ဌ ရမ်ချန်ဒရာမူဒယ်လ်တို့ ယှဉ်ပြိုင်အရွေးခံရာ၌ ၂၁၃ မဲနှင့် ၁၂၂ မဲအသီးသီး ရရှိခဲ့ကြသည်။

အင်တာနက်။

အမေရိကန်တွင် အစာအဆိပ်သင့်စေနိုင်သည့် ကြက်ဥသန်း ၂၀၀ ကျော်ကို ကုမ္ပဏီက ပြန်သိမ်းယူ

ပေကျင်း ဩဂုတ် ၁၉

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အချို့တွင် အစာအဆိပ်သင့်မှုနှင့် ဆက်နွှယ်သောရောဂါဖြစ်ပွားနေမှုကြောင့် အိုင်ဟိုဝါအခြေစိုက် ရိုက်ကောင်တီကြက်ဥကုမ္ပဏီက ကြက်ဥအလုံးရေ ၂၂၈ သန်းကို ပြန်လည်သိမ်းယူနေကြောင်း ကြာသပတေးနေ့ သတင်းများတွင် ဖော်ပြသည်။

ပြန်သိမ်းယူ

အစာအဆိပ်သင့်စေသော ပိုးပါဝင်သည့်ကြက်ဥကို စားသုံးမိပါက ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ကိုယ်လက် မအီမသာဖြစ်ပြီး ပျို့ချင်၊ အန်ချင်ခြင်း၊ ဝမ်းဗိုက်နာခြင်းစသည့် လက္ခဏာများ ပြသကြောင်း၊ သို့ဖြစ်၍ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက ရိုက်ကောင်တီကြက်ဥကုမ္ပဏီမှ ကြက်ဥများကို ပြန်လည်သိမ်းယူစေခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပွဲကြည့်စင်ပေါ်ထိ တက်ဝှေ့သော နွားရိုင်းကြောင့် စပိန်တွင် လူ ၄၀ ဒဏ်ရာရ

မဒရစ် ဩဂုတ် ၁၉

စပိန်နိုင်ငံ နာဗာရားဒေသမြောက်ပိုင်း၌ ကျင်းပသော နွားရိုင်းသတ်ပွဲတစ်ပွဲတွင် နွားရိုင်းသည် ပရိသတ်များစွာ ကြည့်ရှုနေသော အထူးတန်း ပွဲကြည့်စင်ပေါ်သို့ ခုန်တက်ကာ သွေးရူးသွေးတန်း လိုက်လံဝှေ့သဖြင့် လူ ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မီတာများစွာမြင့်

ရုပ်သံမှတ်တမ်းများအရ နွားရိုင်းသည် မီတာများစွာမြင့်သော အထူးပွဲကြည့်စင် အရံအတားများကို လွတ်အောင်ခုန်ကျော်ပြီး မြင်မြင်သမျှ လိုက်လံဝှေ့ခဲ့ကြောင်း သိရသည်။

ပေါင် ၁၀၀၀ ကျော်

ကိုယ်အလေးချိန် ပေါင် ၁၁၀၀ ရှိသော အဆိုပါနွားရိုင်းကို အတွေ့အကြုံရှိ နွားထိန်းများက မိနစ်ပေါင်းများစွာ အချိန်ယူ၍ ထိန်းချုပ်ခဲ့ရကြောင်း သိရသည်။

အင်တာနက်။

စပိန်နိုင်ငံမြောက်ပိုင်း၌ ဩဂုတ် ၁၉ ရက်က ကျင်းပသော နွားရိုင်းသတ်ပွဲတွင် ပွဲကြည့်စင်ပေါ်ထိ ခုန်တက်တိုက်ခိုက်ခဲ့သော နွားရိုင်း။

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း သင်တန်းဆင်းပွဲအခမ်းအနားများ တက်ရောက်

ဘားအံ ဩဂုတ် ၁၉

ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက်တွင် အိမ်တွင်းမှု သင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ထူးချွန်ဆုရရှိကြသော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၃)မှ နန်းစံပယ်ငွေနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)မှ နော်အဲနာတို့အား ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ကျောင်းအုပ် ဒေါ်ကြည်ကြည်လွင်က အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၂၃)တွင် တက်ရောက်ခဲ့ကြသော သင်တန်းသူ ၃၉ ဦးအတွက် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးအား လည်းကောင်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)တွင် တက်ရောက်ခဲ့ကြသော သင်တန်းသူရှစ်ဦးအတွက် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူကိုယ်စားလှယ်တစ်ဦးအား လည်းကောင်း ချီးမြှင့်ပေးခဲ့သည်။

(ပြည်နယ် အမျိုးသမီးရေးရာ)

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ နန်နင်းသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၉

Greater Mekong Subregion Business Forum (GMS-BF) Secretariat ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၈ ရက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် နန်နင်းမြို့၌ ကျင်းပမည့် Seminar 0n High Efficient and Convenient Coordination Mechanism on GMS Logistics သို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးအောင်ခင်မြင့်တို့သည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်သည် ဩဂုတ် ၁၉ ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည့် 16th GMS Ministrial Conference သို့ လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် GMS-BF Board of Directors Meeting သို့ လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒန်နန်း (Dannang) မြို့၌ ကျင်းပမည့် Japan-Mekong Industry Government Dialogue သို့ လည်းကောင်း ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ်အဖြစ် သီပေါမြို့၌ အသိပညာပေးဟောပြော

သီပေါ ဩဂုတ် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ် အဖြစ် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက သီပေါမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်ထွေးက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဆေးစိမ်ခြင်ထောင်နှင့် အိပ်စက်အသုံးပြုရေး စသည့် ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင်နှင့် အဖွဲ့ဝင်များက ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပူးပေါင်း၍ မြို့ပေါ် ၁၁ ရပ်ကွက်ရှိ နေအိမ်များ၌ ခြင်ဆေးဖျန်းခြင်း၊ ရေတွင်း ရေကန်များတွင် ပိုးမွှားကာကွယ်ရေးအတွက် ဆေးခတ်ခြင်း၊ ခြင်မခိုအောင်းနိုင်ရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

(အောက်ပုံ)

အဆိုပါ ပြည်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များတွင် တစ်ပြိုင်တည်း ကျင်းပကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နှိမ်နင်းကာကွယ် ကြွက်အန္တရာယ်

ထွန်းအောင်လှ
(လုပ်ငန်းခွင်ကျန်းမာရေး)

ကြွက်များသည် လူသားတို့နှင့်မစိမ်းသော နို့တိုက်သတ္တဝါတစ်မျိုးဖြစ်ပါသည်။ ကြွက်များကို နေရာဒေသအနှံ့တွင် တွေ့ရှိနိုင်ပါသည်။ တောတောင်၊ လျှိုမြောင်ချိုင့်ဝှမ်း၊ ကျေးလက်တောရွာနှင့် မြို့ကြီးပြကြီးများပါမကျန် မီးရထားပေါ်၊ သင်္ဘောပေါ်နှင့် လေယာဉ်ပျံပေါ်အထိ ကြွက်များရောက်ရှိ၍ ကျင်လည်ကျက်စား ပေါက်ပွားနေတတ်ကြပါသည်။

ကြွက်များသည် လူသားတို့၏ ပိုင်ဆိုင်မှုဖြစ်သည့် နေရာထိုင်ခင်း၊ အစားအသောက်တို့ကို ခွဲဝေရယူသုံးစွဲသည့်အပြင် အစားအသောက်နှင့် အသုံးအဆောင်တို့ကို ဖျက်ဆီးပစ်ကာ ကူးစက်ရောဂါအချို့ကိုလည်း သယ်ဆောင်ဖြန့်ဖြူးပေးပါသည်။ ရှေးနှစ်ပေါင်းများစွာမှစ၍ ကြွက်မှပေးသော ရောဂါဆိုးများကြောင့် လူသားတို့၏ ကျန်းမာရေး ချို့ယွင်းခဲ့သည့် သက်သေသာဓကများစွာ ရှိခဲ့ပါသည်။

ကမ္ဘာပေါ်တွင် ကြွက်အမျိုးအစားပေါင်း ၁၇၀၀ ကျော်ရှိသည့်အနက် အမျိုးအစားပေါင်း ၂၅၀ ခန့်က ပလိပ်ရောဂါပိုးကို သယ်ဆောင်ဖြန့်ဖြူးပေးနိုင်ကြောင်း လေ့လာမှတ်သားရပါသည်။ မြန်မာနိုင်ငံတွင် အများအားဖြင့် တွေ့ရှိရသော ကြွက်အမျိုးအစားများမှာ မြေကြွက်(Bandicota bengalensis)၊ အိမ်ကြွက်(Rattus exulans)၊ ကြွက်ဝမ်းဖြူ(Rattus rattus)၊ ကြွက်ဖလောင်း(Mus musculus)၊ မြေကြွက်ကြီး(Bandicota indica)၊ နော်ဝေးကြွက်(Rattus norvegicus)နှင့် ကြွက်စုတ်(Suncus murinus)တို့ဖြစ်ကြပါသည်။

ကြွက်မှတစ်ဆင့် ရောဂါအမျိုးပေါင်း ၃၅ မျိုးခန့် ကူးစက်ဖြစ်ပွားနိုင်ပြီး အဓိကဖြစ်ပွားစေသောရောဂါမှာ ပလိပ်ရောဂါဖြစ်ပါသည်။ ပလိပ်ရောဂါသည် သာမန်အားဖြင့် ကြွက်များတွင် ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။ ပလိပ်ရောဂါဖြစ်ပွားစေသောပိုးကို "ယာစီးနီးယားပက်စတစ်"ဟု ခေါ်ပါသည်။ ထိုပိုးကို သယ်ဆောင်ထားသော ကြွက်သန်းများကိုက်ခြင်းခံရလျှင် ပလိပ်ရောဂါဖြစ်စေပါသည်။

ကြွက်များ ပလိပ်ရောဂါဖြစ်၍ သေဆုံးသည့်အခါ ပလိပ်ရောဂါပိုးပါသော ကြွက်သွေးကို စုပ်ယူထားသည့် ကြွက်သန်းများသည် ၎င်းကြွက်၏ ကိုယ်ပေါ်မှခွာ၍ အနီးအနားရှိ ကြွက်(သို့မဟုတ်) လူတို့ထံသို့ ခုန်ကူးလာပြီး ကိုက်ခြင်းကြောင့် ပလိပ်ရောဂါပိုးဝင်သွားသဖြင့် ပလိပ်ရောဂါဖြစ်ပွားရခြင်းဖြစ်ပါသည်။ အဆိုပါ ရောဂါပိုးရှိသော ကြွက်သန်းများမှ လူကိုကိုက်မိသောအခါလူတွင် ပလိပ်ရောဂါကူးစက်ဖြစ်ပွားပါသည်။ ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

ပလိပ်ရောဂါကြောင့် လူ့အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးခဲ့ရသော သာဓကများသည် ကမ္ဘာ့သမိုင်းနှင့် မြန်မာ့သမိုင်းတို့တွင် အထင်အရှား ရှိခဲ့ပါသည်။ ခရစ်နှစ် ၅၀၀ ခန့်ကာလအတွင်း၊ ၁၃၄၇-၁၃၅၀ ခုနှစ်အတွင်း၊ ၁၃၇၄ ခုနှစ်နှင့် ၁၈၉၄ခုနှစ်တို့အတွင်းတွင် ကမ္ဘာပေါ်၌ အပြင်းအထန်တုန်လှုပ်ချောက်ချားဖွယ်ရာ ပလိပ်ရောဂါဆိုးကြီးများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း ကြွက်ပေါများသော နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ ကြွက်မှပေးသော ပလိပ်ရောဂါဆိုး၏ နှိပ်စက်မှုကို ရှေးယခင်မှစ၍ ကြုံတွေ့ခဲ့ရပါသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ပလိပ်ရောဂါသည် ၁၈၉၈ ခုနှစ်တွင် မော်လမြိုင်မြို့၌ စတင်ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ ၁၉၄၀ ပြည့်နှစ်ကလည်း မြန်မာနိုင်ငံတွင် ပလိပ်ရောဂါကြောင့် လူပေါင်းများစွာ သေကျေခဲ့ကြရကြောင်း လေ့လာမှတ်သားရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်အားလုံးတွင် ကြွက်ကျခြင်း(Rat Fall) နှင့် ပလိပ်ရောဂါဖြစ်ပွားခြင်းများ ရှိခဲ့ဖူးပါသည်။ များသောအားဖြင့် မိုးနှောင်း၊ ဆောင်းကာလနှင့် နွေဦးကာလများ(နိုဝင်ဘာနှင့် မတ်လကြား)တွင် ပလိပ်ရောဂါဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေးဖြစ်ပွားနိုင်ပါသည်။ သို့သော်လည်း ပြည်နယ်နှင့်တိုင်းအားလုံးတွင် နှစ်စဉ်နှစ်တိုင်း နေရာအနှံ့ဖြစ်ပွားတတ်သည်မဟုတ်ပါ။ မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သော ဒေသများဖြစ်သည့် မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ရှိ ဒေသများကို ဗဟိုပြု၍ ပလိပ်ရောဂါအဖြစ်များလေ့ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၌ ပုံမှန်အားဖြင့် ကြွက်ကျခြင်းနှင့် ပလိပ်ရောဂါဖြစ်ပွားခြင်းများသည် မြေပြန့်ဒေသတွင် စက်တင်ဘာလမှ မေလအထိ (အထူးသဖြင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများ)၊ တောင်ပေါ်ဒေသတွင် မေလမှ ဒီဇင်ဘာလအထိ (အထူးသဖြင့် ဩဂုတ်လ)တို့တွင် ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။ ပလိပ်ရောဂါ ကူးစက်နိုင်သည့် အကောင်းဆုံးအပူချိန်မှာ ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အထိဖြစ်ပြီး စိုထိုင်းဆ ၆၀ ရာခိုင်နှုန်း အထက်တွင် ပိုမိုလျင်မြန်စွာ ကူးစက်ပြန့်နှံ့နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ရာသီဥတုသုံးပါးစလုံးတွင် အဆိုပါအခြေအနေမျိုး ရှိနိုင်ကြောင်းကိုလည်း တွေ့ရှိရပါသည်။

ပလိပ်ရောဂါသည် ရုတ်တရက် ချက်ချင်းထ၍ ဖြစ်ပွားတတ်သော ရောဂါမဟုတ်ပါ။ မဖြစ်ပွားမီကြိုတင်၍ အချက်ပြလေ့ရှိပါသည်။ လူတို့တွင် ပလိပ်ရောဂါမဖြစ်ပွားမီ သီတင်းနှစ်ပတ်ခန့်စော၍ ကြွက်များ၌ ဖြစ်ပွားတတ်ပါသည်။ ဒေသတစ်ခုတွင် အိမ်ကြွက်များ၊ လယ်ကြွက်များသည် ပိုးသတ်ဆေး၊ ကြွက်သတ်ဆေး စသော ကြွက်များကိုသေစေသည့် မည်သည့်ဆေးများကိုမှ မသုံးစွဲဘဲနှင့် အလိုအလျောက်သေဆုံးနေသည်များကိုတွေ့ရပါက အဆိုပါဒေသတွင် ကြွက်ကျခြင်းဖြစ်သည်ဟု သတ်မှတ်ပါသည်။ အိမ်တစ်အိမ်တွင် ကြွက်တစ်ကောင်ထက်ပို၍ အလိုအလျောက်သေဆုံးနေသည်ကို တွေ့ရှိခြင်း၊ တစ်ရပ်ကွက်တွင် တစ်အိမ်ထက်ပို၍ အလိုအလျောက်သေသော ကြွက်များတွေ့ခြင်း၊ ထိုကြွက်သေများကို ဓာတ်ခွဲစမ်းသပ်ကြည့်သောအခါ ပလိပ်ရောဂါပိုးတွေ့ရှိရခြင်းတို့ဖြစ်ပေါ်ပါက အဆိုပါဒေသတွင် ကြွက်ကျခြင်း ဖြစ်ပွားနေပြီဖြစ်ပါသည်။ ဤအချက်သည် မကြာမီတွင် လူတို့ထံသို့ ပလိပ်ရောဂါ ကျရောက်တော့မည်ဖြစ်ကြောင်း ကြိုတင်သတိပေးမှုဖြစ်သဖြင့် ရောဂါကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုများကို ဆောလျင်စွာ ပြုလုပ်ထားကြရန် လိုအပ်ပါသည်။

ကြွက်များသည် လူသားတို့အတွက် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကိုပေးသည်သာမကဘဲ စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ လယ်ယာစိုက်ခင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများတွင် ကြွက်များကိုက်ဖြတ်စားသောက်မှုကြောင့် တောင်သူဦးကြီးတို့အတွက် ဆုံးရှုံးနစ်နာမှုများဖြစ်ရသလို ကြွက်ပေါလျှင် မြွေများလည်း ရောက်လာတတ်သဖြင့် မြွေကိုက်မှုအန္တရာယ်လည်း ကြုံတွေ့ရနိုင်ပါသည်။

ကုန်ပစ္စည်းသိုလှောင်ရုံများ၊ ဈေးများ၌လည်း ကြွက်များကြောင့် ပျက်စီးဆုံးရှုံးရသောပမာဏသည် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ထိခိုက်နစ်နာမှုများကို ဖြစ်စေပါသည်။ ၎င်းတို့သည် မွေးမြူရေးခြံများကိုလည်း အလွတ်မပေးပါ။ မွေးမြူရေးခြံမှ တိရစ္ဆာန်အစားအစာများကို လုယက်စားသောက်သည့်အပြင် ကြက်၊ ဘဲသားပေါက်များကိုလည်း အလစ်ဝင်၍ ဆွဲတတ်ပါသေးသည်။

ကြွက်များပေါများနေရခြင်း၏ အဓိကအကြောင်းအရာတစ်ခုမှာ ၎င်းတို့အတွက် စားစရာနှင့် နေစရာရရှိနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကြွက်များအတွက် နေစရာနှင့်စားစရာ မရရှိအောင် ဖြတ်တောက်ထားလျှင် ကြွက်များမရှိနိုင်တော့သဖြင့် ကြွက်မှပေးသောအန္တရာယ်များမှလည်း ကင်းဝေးစေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အဓိကကူးစက်မြန်ရောဂါအဖြစ် သတ်မှတ်ထားသော ရောဂါများထဲတွင် ပလိပ်ရောဂါလည်း ပါဝင်ပါသည်။ ပလိပ်ရောဂါသည် ကြွက်ကြောင့်ဖြစ်ပွားခြင်းဖြစ်သဖြင့် ကြွက်မရှိလျှင် ပလိပ်ရောဂါမရှိနိုင်ပါ။ ထို့အပြင် မြူရင်းတိုက်ဖက်ရောဂါ (Murine Typhus) နှင့် ပြင်းထန်သော ကူးစက်ရောဂါများဖြစ်သည့် အသည်းရောင် ကျောက်ကပ်ပျက်ရောဂါ (Leptospirosis) နှင့် အစာအဆိပ်သင့်အူရောင်ရောဂါ (Salmonellosis) တို့သည်လည်း ကြွက်ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ သို့အတွက် ကြွက်များမရှိရလေအောင် ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကြွက်နှိမ်နင်းရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် အဓိကအကျဆုံးဖြစ်ပြီး အစဉ်အမြဲ ထိရောက်စွာဆောင်ရွက်ပါက ကြွက်အပါအဝင် ကူးစက်ရောဂါဖြစ်စေသော ပိုးမွှားများ၏အန္တရာယ်မှလည်း ကာကွယ်နိုင်ပါသည်။ မိမိတို့အိမ်အတွင်းမှ အမှိုက်သရိုက်များ၊ စားကြွင်းစားကျန်များကို ကြွက်များမစားနိုင်အောင် အဖုံးလုံသော အမှိုက်ပုံးများတွင်ထားသိုခြင်း၊ စနစ်တကျစွန့်ပစ်ခြင်း၊ နေ့စဉ်သယ်ယူစွန့်ပစ်ခြင်းများကို ပြုလုပ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကြွက်များသည် အများအားဖြင့် ညအချိန်ရောက်မှသာ အစာရှာရန် လှုပ်ရှားသွားလာတတ်၍ဖြစ်ပါသည်။ ထို့အပြင် အစားအသောက်များကို ကြွက်များမစားနိုင်အောင် စနစ်တကျ ထားသိုသိမ်းဆည်းခြင်း၊ စတိုခန်းများ၌ ပစ္စည်းများကို စင်များဖြင့် စနစ်တကျ သပ်ရပ်စွာ စီထားခြင်းများသည် ကြွက်များနေထိုင်မှုကို ဟန့်တားနိုင်မည်ဖြစ်ပြီး ကြွက်လှုပ်ရှားမှုများကိုလည်း လွယ်ကူစွာ စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

အဆောက်အအုံများကို ကြွက်များမဝင်နိုင်စေရန် ကြွက်လုံအဆောက်အအုံများအဖြစ် ဆောက်လုပ်သင့်ပါသည်။ အဆောက်အအုံကြီးများ၊ စက်ရုံများ၊ ဂိုဒေါင်များ၊ ဟိုတယ်ကြီးများ စသည်တို့ကို စတင်ဆောက်လုပ်စဉ်ကတည်းက ကြွက်လုံအဆောက်အအုံများဖြစ်အောင် စီမံ၍ ဆောက်လုပ်ခြင်း၊ ကြွက်တားများတပ်ဆင်ထားခြင်းတို့သည် ကြွက်အန္တရာယ်ကာကွယ်ရေးအတွက် အကောင်းဆုံးဖြစ်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေအနေမကောင်းမှုကြောင့် ကြွက်များပေါများလာပါက လိုအပ်လျှင် ကြွက်သတ်ဆေးများကို အသုံးပြု၍ နှိမ်နင်းနိုင်ပါသည်။ ကြွက်သတ်ဆေးများကို ယေဘုယျအားဖြင့် သုံးမျိုး ခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ (၁)ရုတ်ခြည်းသေစေသော အဆိပ်ဓာတ်ငွေ့၊ (၂) ရုတ်ခြည်းသေစေသောအဆိပ်နှင့် (၃) သွေးယိုစိမ့်၍ တဖြည်းဖြည်းသေစေသော အဆိပ်တို့ဖြစ်ပါသည်။ သို့သော် ကြွက်သတ်ဆေးများကို အသုံးပြု၍ နှိမ်နင်းခြင်းသည် ပတ်ဝန်းကျင်နှင့် လူသားတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။

အထူးသဖြင့် ရုတ်ခြည်းသေစေသော ဓာတ်ငွေ့ (ဥပမာ-Cymag)သည် လူသားများကို အန္တရာယ်ဖြစ်စေသဖြင့် လူတို့နေထိုင်ရာ အဆောက်အအုံများ၌ မသုံးစွဲသင့်ပါ။ ထို့ပြင် ရုတ်ခြည်းသေစေသော အဆိပ်များဖြစ်သည့် (ဥပမာ-Zinc Phosphide)စသည်တို့မှာလည်း ဆေးယဉ်ပါးခြင်း၊ ဆက်တိုက်အသုံးပြုပါက ကြွက်သတ်ဆေးအသုံးပြုသည်ကို ကြွက်များမှသိရှိပြီး ရှောင်ရှားသွားလာတတ်ခြင်းတို့ကြောင့် ရေရှည် ကြွက်နှိမ်နင်းရေးလုပ်ငန်းများတွင် အသုံးမပြုနိုင်ပါ။

ကြွက်နှိမ်နင်းရေး ဆောင်ရွက်ရာတွင် ကြွက်သတ်ဆေးများကို အသုံးပြုမည်ဆိုပါက သွေးယိုစိမ့်၍ တဖြည်းဖြည်း သေစေသောအဆိပ်များကို သုံးစွဲခြင်းသည် သင့်လျော်မှုရှိပါသည်။ မြန်မာနိုင်ငံ ကြွက်နှိမ်နင်းရေးလုပ်ငန်းများ၌ သွေးယိုစိမ့်၍ တဖြည်းဖြည်းသေစေသောအဆိပ် (Anticoagulant) အမျိုးအစားအချို့ကို ဖယောင်း၊ ပုစွန်ဖွဲ၊ ဆန်ကွဲစသော အစာများနှင့် ရောစပ်ပြီး ဖယောင်းခဲအဆိပ်တုံး (Wax Block) များ ပြုလုပ်ကာ စမ်းသပ်နှိမ်နင်းခြင်း၊ နည်းပညာပေးဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ဖူးပါသည်။

ကြွက်နှိမ်နင်းရန်အတွက် ကြွက်ကိုသေစေနိုင်သောတိရစ္ဆာန် (Predator) များဖြစ်သည့် ကြောင်များမွေးမြူထားခြင်းသည်လည်း မိရိုးဖလာ ကြွက်နှိမ်နင်းနည်းတစ်ခု ဖြစ်ပါသည်။ ကြွက်များကို ထောင်ချောက်ဖြင့် ဖမ်း၍လည်း သုတ်သင်နှိမ်နင်းနိုင်ပါသည်။ ထောင်ချောက်တွင် အရှင်ဖမ်း ထောင်ချောက်နှင့် စပရိန်သုံး၍ အသေဖမ်းသောထောင်ချောက်ဟူ၍ ရှိပါသည်။ ကြွက်ဖမ်းပြီးတိုင်း ကြွက်ထောင်ချောက်များကို ရေနွေးနှင့် ဆေးကြောခြင်း၊ နေပူလှန်းခြင်းများကို ပြုလုပ်ရပါမည်။

အထူးသတိပြုရမည်မှာ ကြွက်နှိမ်နင်းရေး လုပ်သည့်အခါတိုင်းတွင် ကာကွယ်ရေးအနေဖြင့် ကြွက်သန်း(Flea)များကိုပါ တစ်ပါတည်း သုတ်သင်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကြွက်သေသောအခါ ကြွက်သန်းများ ခုန်ထွက်လာပြီး အနီးအနားရှိ လူနှင့်တိရစ္ဆာန်တို့အား ကိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ကြွက်၏ ခန္ဓာကိုယ်ပေါ်တွင်နေထိုင်သော ကြွက်သန်းများသည် ပလိပ်ရောဂါပိုးကို သယ်ဆောင်ထားပါက ၎င်းတို့မှ လူကို ကိုက်မိသောအခါ ပလိပ်ရောဂါကူးစက်ပျံ့နှံ့စေနိုင်သဖြင့် ကြွက်သန်းများကိုပါ တစ်ပါတည်း နှိမ်နင်းရန် လိုအပ်ခြင်းဖြစ်ပါသည်။

ကြွက်သန်းနှိမ်နင်းရေးအတွက် ကြွက်ထောင်ချောက်ဖြင့် ဖမ်းမိသော ကြွက်များကို ရေနွေးကျက်ကျက်ဆူတွင် နှစ်၍လည်းကောင်း၊ ပိုးသတ်ဆေးမှုန့်ဖြူး၍လည်းကောင်း နှိမ်နင်းနိုင်ပါသည်။ ထို့ပြင် ကြွက်များကို သွေးယိုစိမ့်၍ တဖြည်းဖြည်းသေစေသော ကြွက်သတ်ဆေးဖယောင်းခဲ (Anticoagulant Wax Block) အသုံးပြု၍နှိမ်နင်းပါက ကြွက်သန်းနှိမ်နင်းရေးအတွက် ကြွက်စာအိမ် (Bait Station) ၏ အဝနှစ်ဖက်တွင်လည်းကောင်း၊ ကြွက်တွင်း (Barrow) များအတွင်းသို့ လည်းကောင်း ပိုးသတ်ဆေးကို ထည့်သွင်းရပါသည်။

နေအိမ်များရှိ ကြွက်များသွားလာတတ်သော ကြွက်လျှောက်များပေါ်တွင်လည်း ပိုးသတ်ဆေးမှုန့်များ ဖြူးထားနိုင်ပါသည်။ သို့မှသာ ကြွက်နှိမ်နင်းခြင်းနှင့် တစ်ပြိုင်တည်း ကြွက်သန်းများကိုပါ နှိမ်နင်းနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် ကြွက်သန်းများကို သေစေနိုင်သည့် ပိုးသတ်ဆေးအရည်များနှင့် ပက်ဖျန်း၍လည်း နှိမ်နင်းနိုင်ပါသည်။ ပိုးသတ်ဆေးအရည်ဖြင့် ပက်ဖျန်း၍ နှိမ်နင်းသောနည်းကို အသုံးပြုပါက အဆောက်အအုံများ၏ နံရံအောက်ခြေမှ အထက်သို့ သုံးပေ၊ လေးပေအမြင့်အထိ ပိုးသတ်ဆေးအရည်ကို ပက်ဖျန်းပေးရမည်ဖြစ်ပါသည်။

အထက်အညာဒေသမှ အချို့သောနယ်များတွင် လယ်ယာစိုက်ခင်းအတွင်း ဝင်ရောက်ကိုက်ဖြတ် စားသောက်ကြသော လယ်ကြွက်များကို ညအခါတွင် အရိုးရှည်ခက်ရင်းခွဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ➢

ပလိပ်ရောဂါသည် ရုတ်တရက်ချက်ချင်းထ၍ ဖြစ်ပွားတတ်သော ရောဂါမဟုတ်ပါ။ မဖြစ်ပွားမီကြိုတင်၍ အချက်ပြလေ့ရှိပါသည်။လူတို့တွင် ပလိပ်ရောဂါမဖြစ်ပွားမီ သီတင်းနှစ်ပတ်ခန့်စော၍ ကြွက်များ၌ ဖြစ်ပွားတတ်ပါသည်။ ဒေသတစ်ခုတွင် အိမ်ကြွက်များ၊ လယ်ကြွက်များသည် ပိုးသတ်ဆေး၊ ကြွက်သတ်ဆေးစသော ကြွက်များကိုသေစေသည့် မည်သည့်ဆေးများကိုမှ မသုံးစွဲဘဲနှင့် အလိုအလျောက်သေဆုံးနေသည်များကို တွေ့ရပါက အဆိုပါဒေသတွင် ကြွက်ကျခြင်းဖြစ်သည်ဟုသတ်မှတ်ပါသည်။ အိမ်တစ်အိမ်တွင် ကြွက်တစ်ကောင်ထက်ပို၍ အလိုအလျောက်သေဆုံးနေသည်ကို တွေ့ရှိခြင်း၊ တစ်ရပ်ကွက်တွင် တစ်အိမ်ထက်ပို၍ အလိုအလျောက်သေသောကြွက်များတွေ့ခြင်း၊ ထိုကြွက်သေများကို ဓာတ်ခွဲစမ်းသပ်ကြည့်သောအခါ ပလိပ်ရောဂါပိုး တွေ့ရှိရခြင်းတို့ဖြစ်ပေါ်ပါက အဆိုပါဒေသတွင် ကြွက်ကျခြင်းဖြစ်ပွားနေပြီဖြစ်ပါသည်။

ပေါင်းတည်မြို့နယ် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုများ ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့်အတူ ဆေးရုံသို့ ထရန်စဖော်မာလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ပြည်သူ့ဆေးရုံအတွင်း၌ ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အထူးကုဆရာဝန်များအဖွဲ့သည် မျက်စိ၊ ခွဲစိတ်ကု၊ သားဖွား၊ မီးယပ်၊ ကလေး၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေရောဂါဝေဒနာရှင် စုစုပေါင်း လူနာ၁၅၆၇ ဦးတို့အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သောဆေးဝါးနှင့် ကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့ နဝရတ်ခန်းမ၌ မြို့နယ်ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်နှင့် ဖောလစ်အက်စစ်ပါသော ကိုယ်ဝန်ဆောင်အားတိုးဆေးများကိုလည်းကောင်း၊ ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများကို လည်းကောင်း သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက်ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများကို ပေါင်းတည်မြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဆောင်ရွက်ခဲ့ရာ မျက်စိ၊ ခွဲစိတ်ကု၊သားဖွား၊ မီးယပ်၊ ကလေး၊ သွားနှင့် ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အထွေထွေရောဂါနှင့် အရေပြားရောဂါ ဝေဒနာရှင် စုစုပေါင်းလူနာ ၁၇၉၉ ဦးတို့အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သောဆေးဝါးနှင့် ကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး အစည်းအဝေးကို ခရမ်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး အစည်းအဝေးကို ဩဂုတ် ၁၂ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်၊ မွေးမြူရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဇော်နှင့် ဒုတိယဦးစီးမှူးများ၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်က ရောဂါလက္ခဏာများ မျက်ခြည်မပြတ် စောင့်ကြည့်ရေးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က လစဉ်ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၃၀ ၁၀။ "တောင်ပေါ်မြေပြန့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပင်လောင်းလမ်း"
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL(2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် F.C နှင့် နေပြည်တော်F.C)
- ၅း၀၀ ၂။ နှောင်းခေတ်တေးပဒေသာ
- ၅း၁၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၄။ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၅း၃၅ ၅။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၈။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၂၇)**
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
- ၁၄။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (အပိုင်း-၁၄)**
- ၁၆။ သီချင်းချစ်သူ (ရှင်းရှင်း)
- ၁၇။ အစီအစဉ်ပြီး၏။

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗေဒင်ကုန်း-ချိုကြီးကွင်းလမ်းပေါ်ရှိ ကျေးလက်တံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၁ ရက်က အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး မြို့နယ်၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် ဩဂုတ် ၁၈ ရက်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအားတွေ့ဆုံ၍ မဲရုံအလိုက် အချိန်မီပြီးစီးရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းမှာကြားပြီး သရုပ်ပြဆွေးနွေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

➢ စာမျက်နှာ ၆ ဆောင်းပါးမှ

ထိုး၍ သုတ်သင်သောဓလေ့ရှိပါသည်။ အညာဒေသအချို့၌ ညအခါလယ်ကြွက်ထိုးသောဓလေ့သည် ရွှေဘိုပုံကြီးသံနှင့်အတူ ပေါ်ပေါက်လာခဲ့သောဓလေ့ဖြစ်သည်ဟု အချို့သောစာပေများတွင် ရေးသားထားပါသည်။ ဤနည်းဖြင့် လယ်ယာသီးနှံ စိုက်ခင်းများကိုဖျက်ဆီးသော ကြွက်များကို နှိမ်နင်းခြင်းဖြစ်သလို ရရှိလာသော လယ်ကြွက်များကို စားသောက်ရန် ရောင်းချခြင်းဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လည်း လုပ်ကိုင်ခြင်းဖြစ်ပါသည်။

ထို့အပြင် အချို့သောဒေသများတွင် ဈေးများ၊ ဆန်စပါးဂိုဒေါင်များ၊ ကုန်ပစ္စည်းသိုလှောင်ရုံများ၌ ညအခါတွင် အစားအသောက်များကို လာရောက်ကိုက်ဖြတ် စားသောက်ကြသော ကြွက်ကြီးများအား လေးခွဖြင့်ပစ်၍ ဖမ်းကာနှိမ်နင်းသည့်နည်းကိုလည်း ပြုလုပ်ကြပါသည်။ သူ့အရပ် သူ့ဒေသနှင့် ကိုက်ညီအဆင်ပြေ၍ လိုက်လျောညီထွေရှိသော နည်းလမ်းများကို တီထွင်ကြံဆပြီး ကြွက်နှိမ်နင်းရေး ပြုလုပ်ကြခြင်းဖြစ်ပါသည်။

ကြွက်မရှိက ကြွက်သန်းမရှိ၊ ကြွက်သန်းမရှိက ပလိပ်ရောဂါ မဖြစ်နိုင်သဖြင့် ကြွက်နှိမ်နင်းရေး ပြုလုပ်ခြင်းသည် အများပြည်သူတို့၏ ကျန်းမာရေးအတွက် ကောင်းမွန်ပါ၏။ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းလည်း ဖြစ်ပါ၏။

သို့သော် ကြွက်နှိမ်နင်းရေး ပြုလုပ်မည်ဆိုလျှင် အခြေအနေနှင့် အချိန်အခါကို သုံးသပ်ပြီးပြုလုပ်ရန် လိုအပ်ပါသည်။ မိမိတို့နေထိုင်ရာ အရပ်ဒေသတွင် ကြွက်ကျခြင်း ရှိ/မရှိ၊ လူတွင် ပလိပ်ရောဂါဖြစ်ပွားခြင်း ရှိ/မရှိတို့ကို လေ့လာဆန်းစစ်ပြီးမှ သင့်လျော်ရာနည်းလမ်းများဖြင့် ပြုလုပ်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မိမိတို့နေထိုင်ရာ အရပ်ဒေသတွင် ကြွက်ကျခြင်းလည်းမရှိ၊ လူတွင် ပလိပ်ရောဂါဖြစ်ပွားခြင်းလည်း မရှိပါက ကြွက်များကိုအရှင်ဖမ်းပြီး သတ်ခြင်း၊ အဆိပ်ကျွေးသတ်ခြင်း၊ ရပ်ကွက်လူထုစုပေါင်းပြီး ကြွက်ရိုက်ပွဲ၊ ကြွက်ဖမ်းပွဲများ ပြုလုပ်ကာ သုတ်သင်နှိမ်နင်းခြင်း၊ ကြွက်များမခိုအောင်းနိုင်စေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ကြွက်နှိမ်နင်းရေးလုပ်ငန်းများ ပြုလုပ်နိုင်ပါသည်။

သို့သော် ကြွက်ကျခြင်း(သို့မဟုတ်)လူတွင် ပလိပ်ရောဂါဖြစ်ပွားခြင်းများရှိပါက ကြွက်များကို အဆိပ်ကျွေးသတ်ခြင်း၊ အသေထောင်ဖမ်းခြင်းများ လုံးဝမပြုလုပ်ရပါ။ ထိုအချိန်တွင် ကြွက်သန်းနှိမ်နင်းရေးကို အထူးအလေးထားလုပ်ဆောင်ရမည်ဖြစ်ပါသည်။ သို့ပါ၍ ကြွက်ကျခြင်း ရှိ၊ မရှိကို အမြဲမပြတ် စုံစမ်းထောက်လှမ်းပြီးမှသာ သင့်လျော်သော ကြွက်နှိမ်နင်းရေးနည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါသည်။

လူတွင် ပလိပ်ရောဂါ မဖြစ်ပွားမီ ကြွက်များတွင် ပထမဦးစွာ ပလိပ်ရောဂါဖြစ်ပွားပြီး ကြွက်ကျခြင်းဖြစ်လေ့ရှိသဖြင့် ကြွက်ကျ(ကြွက်သေ)ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့ကြရန် လိုအပ်ပါသည်။ ကြွက်သတ်ဆေးများဖြင့် မနှိမ်နင်းရဘဲ သူ့အလိုအလျောက်သေနေသောကြွက်သေများကို တွေ့ရှိရပါက ၎င်းအနီးသို့ မည်သူမျှ မသွားသင့်ပါ။ ကြွက်သေကို ကျန်းမာရေးဌာနသို့ ပို့ဆောင်မည်ဆိုလျှင် အနည်းဆုံး တစ်ပေခွဲခန့်အကွာမှနေပြီး ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ (သို့မဟုတ်)ရေနွေးပူပူ ရရာတစ်ခုခုဖြင့် လောင်းပြီး ဆားအုံ၍ ညှပ်ရှည်ရှည်ဖြင့်ကိုင်ကာ လုံခြုံသော ဘူး၊ ခွက်၊ ပလတ်စတစ်အိတ် စသည်တို့ဖြင့် ထုပ်ပိုးပြီးမှ နီးရာကျန်းမာရေးဌာနသို့ ချက်ချင်းပို့ရန် လိုအပ်ပါသည်။

နေရာဒေသတစ်ခုအတွင်း၌ ကြွက်နှိမ်နင်းရာတွင် ထိရောက်အောင်မြင်မှုမည်မျှပင်ရရှိသည်ဖြစ်စေ ထိုဒေသရှိ လူများ၏ အပြုအမူ၊ ဓလေ့စရိုက်များ ပြောင်းလဲမှုမရှိပါက ထိုအောင်မြင်မှုသည် တာရှည်ခံမည်မဟုတ်ပါ။ စားကြွင်းစားကျန်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းနှင့် စားနပ်ရိက္ခာများကို အကာအရံမဲ့စွာဖြင့် မလုံမခြုံထားသိုခြင်းများသည် ပြင်ပမှကြွက်များကို ဖိတ်ခေါ်နေခြင်းမျိုးဖြစ်စေပြီး ကြွက်နှိမ်နင်းစဉ်က မသေဘဲကျန်ရစ်ခဲ့သော ကြွက်များကိုလည်း ဆွေမျိုးအစဉ်အဆက် လျင်မြန်စွာ ပွားများစေနိုင်ပါသည်။

ကြွက်များသည် ပေါက်ပွားနှုန်း အလွန်လျင်မြန်သဖြင့် ကြွက်လုံးဝမရှိအောင် ဆောင်ရွက်ရန်မှာ အတော်ပင်ခက်ခဲလှပါသည်။ ကြွက်တစ်ကောင်နှစ်ကောင်ကို သုတ်သင်ရန်မှာ လွယ်ကူသော်လည်း မျိုးပြုတ်အောင်လုပ်ရန်မှာ မလွယ်ကူပါ။ ကြွက်ကောင်ရေကို နည်းနိုင်သမျှနည်းစေရန် ထိန်းချုပ်ခြင်းဖြင့်သာ ကြွက်များ၏အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

မိမိတို့ရပ်ရွာ၊ ဒေသအတွင်း ကြွက်နှိမ်နင်းရေးမှာ လူထုအားဖြင့် စုပေါင်း၍ စွမ်းဆောင်နိုင်သော လုပ်ငန်းတစ်ခုဖြစ်၍ ဒေသခံပြည်သူလူထုအနေဖြင့် ကျန်းမာရေးအသိစိတ်ဓာတ် အပြည့်အဝထားရှိပြီး ဒေသဆိုင်ရာ ကျန်းမာရေးအဖွဲ့များ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

မိမိတို့ရပ်ရွာ၊ ဒေသအတွင်း ကြွက်ကင်းစေရန်အတွက် မိမိတို့၏ မီးဖိုချောင်မှအစပြုကာ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ စားကြွင်းစားကျန်များကို စနစ်တကျစွန့်ပစ်ခြင်း၊ အမှိုက်ပုံး၊ အမှိုက်ကျင်းများထား၍ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်း သယ်ယူပို့ဆောင်ပြီး ကျန်းမာရေးကိုမထိခိုက်အောင် နည်းလမ်းမှန်ကန်စွာဖြင့် စွန့်ပစ်ခြင်းစသော လုပ်ငန်းများကို မိသားစုတိုင်းမှ ကိုယ်စီကိုယ်င ပုံမှန်ဆောင်ရွက်ကြပြီး ကြွက်ကျခြင်းတွေ့ရှိရပါက နီးရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့ခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့ အနီးအနားတွင် ကြွက်များ ရုတ်တရက် သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိပြုသင့်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကြွက်မရှိအောင် ကြိုးစားဆောင်ရွက်သင့်ပါသည်။ ကြွက်နှင့် ကြွက်သန်းမရှိလျှင် ပလိပ်ရောဂါ မဖြစ်နိုင်ပါ။ ကြွက်နှင့် ကြွက်သန်း မရှိစေရန်အတွက် ကြွက်များကို သုတ်သင်နှိမ်နင်းဖို့ လိုပါသည်။ ကြွက်များကို ကြွက်ထောင်ချောက်ဖြင့်ဖမ်းခြင်း၊ အဆိပ်ကျွေးခြင်း၊ စုပေါင်းကြွက်ရိုက်ပွဲများ ပြုလုပ်ခြင်း၊ ကြွက်တွင်းများကို ပိတ်ဆို့ခြင်း၊ ကြွက်တွင်းများကို ဆေးမှုတ်ပြီး ပိတ်ပစ်ခြင်း၊ ကြောင်များမွေးထားခြင်းတို့ဖြင့် နှိမ်နင်းနိုင်ပါသည်။

စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များမရှိက ကြွက်မရှိနိုင်ပါ။ ကြွက်မရှိက ပလိပ်ရောဂါလည်း ကင်းရှင်းမည်ဖြစ်ပါသည်။ သို့ပါ၍ မိမိတို့နေထိုင်ရာ နေရာဒေသအတွင်း ကြွက်ကင်းစေရန်အတွက် ကာလဒေသနှင့် ကိုက်ညီမည့် ကြွက်နှင့် ကြွက်သန်း နှိမ်နင်းရေးလုပ်ငန်းများကို တစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်းမှအစပြု၍ ရပ်ကွက်အလိုက်၊ ဒေသအလိုက် ပြည်သူအားလုံးလက်တွဲပါဝင်ကာ စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကြွက်များ၏ အန္တရာယ်မှ နှိမ်နင်းကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တမာစေ့များ သိုလှောင်ထားမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှ

ပြုလုပ်၍ ပိုးသတ်ဆေးရည်ထုတ်ပြီး ဘေးထွက်ပစ္စည်းများ ဖြစ်ကြသည့် တမာကြိတ်ဖတ်ကို မြေဩဇာသုံးသည်။ တမာဆီကို ဆပ်ပြာချက်ရာတွင်လည်းကောင်း၊ ယားနာလိမ်းဆေး၊ ကျွဲ၊ နွားပခုံးပေါက် အနာလိမ်းဆေး သုံးကြသည်။

ဇီဝရုက္ခပိုးသတ်ဆေး

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပိုးသတ်ဆေးများသည် အပင်ဖျက်ပိုးမွှား ကာကွယ်နှိမ်နင်းရေးအတွက် အသုံးပြုနေကြရဦးမည် ဖြစ်ပါသည်။ သို့သော် ဓာတုဗေဒပိုးသတ်ဆေးများသည် လူနှင့်ပတ်ဝန်းကျင် လေထု၊ ရေထုညစ်ညမ်းမှုနှင့် အန္တရာယ်ပေးမှုတို့ ဖြစ်ပေါ်စေသည်။ပိုးသတ်ဆေးကို စနစ်တကျ ကိုင်တွယ်အသုံးပြုပါက အပင်ဖျက်ပိုး ကာကွယ်နှိမ်နင်းသည့်ဆေး ဖြစ်ပါသည်။ သို့သော် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ မလိုက်နာမကျင့်သုံးဘဲ အသုံးပြုနေပါက အန္တရာယ်ဘေးဖြစ်စေပါသည်။ ထို့ကြောင့် ပိုးသတ်ဆေးများကို အသုံးပြုရာတွင် လေထု၊ ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုကို မဖြစ်ပေါ်စေသော၊ စီးပွားရေးအရလည်း တွက်ခြေကိုက်မှုရှိသော ဇီဝရုက္ခဗေဒဆိုင်ရာ ပိုးသတ်ဆေးများ၊ Bio-Botanical Pesticides များကို ပြောင်းလဲအသုံးပြုကြရန် လိုအပ်ပါသည်။

တမာစေ့မှ ထုတ်ယူရရှိသော တမာပိုးသတ်ဆေးသည် လူသားတို့အား လုံခြုံမှုကိုပေးနိုင်သော ဘေးအန္တရာယ်ကင်းရှင်းမှုကို ဖြစ်ပေါ်စေသည်။ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ကြောင့် ထိခိုက်မှုမရှိနိုင်။ အပင်ဖျက်ပိုးမွှားတို့ကို ကာကွယ်နှိမ်နင်းနိုင်သော အစွမ်းအာနိသင်ပါရှိသည်ကို စမ်းသပ်တွေ့ရှိပြီးဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများ၏ ပိုးမွှားကာကွယ်နှိမ်နင်းရေးတွင် အသုံးပြုသော ထိရောက်သည့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး (Integrated Pest Management) (I.P.M) လုပ်ငန်းရပ်တွင် တမာပိုးသတ်ဆေးကို အသုံးပြုကြရန်အတွက် ထောက်ခံထားပါသည်။

တမာပိုးသတ်ဆေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန္တလေးတိုင်း ပလိပ်မြို့နှင့် မကွေးတိုင်း မကွေးမြို့၊ ပခုက္ကူမြို့တို့တွင် တမာပိုးသတ်ဆေးစက်ရုံများဖြင့် တမာပိုးသတ်ဆေး အဓိကထုတ်လုပ်ပြီး တမာကြိတ်မှုန့်မြေဩဇာနှင့် တမာဆီတို့ကို ဘေးထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နေသည်။ ကုန်ကြမ်းတမာစေ့ကိုလည်း အသီးရင့်မှည့်ချိန်၌ ဝယ်ယူလျက်ရှိသဖြင့် ဒေသအတွင်း ဝင်ငွေရနေကြသည်။ တမာပိုးသတ်ဆေးကို လယ်ယာသီးနှံများသာမက ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများ၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးသူများက လက်မလွှတ်တမ်း အသုံးပြုနေကြသည်ကို မန္တလေးတိုင်း မြစ်သား၊ ပလိပ်၊ ကျောက်ဆည်တစ်ဝိုက်တွင် တွေ့ခဲ့ရသည်။ ပလိပ်၊ မြစ်ငယ်တစ်လျှောက်ရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးခြံကြီးများ စိုက်ပျိုးသူများက ပိုးမွှားမကျခင်တွင် စိုက်ခင်းထဲ တမာပိုးသတ်ဆေးဖျန်းထားသည့်အနံ့ကြောင့် ပိုးဖလံအမများ ဥလာမချတော့ကြောင်း၊ ပိုးကျမှုလျော့နည်းသွားကြောင်း၊ ၁၅ ရက်တစ်ကြိမ် ဆက်တိုက် သီးနှံခူးဆွတ်ချိန်ထိ ဖျန်းပေးပါက ပိုးမွှားလုံးဝမကျတော့ကြောင်း ပြောပြကြသည်။ ၎င်းတို့မှာ တမာပိုးသတ်ဆေးသာမက တမာကြိတ်ဖတ်မြေဩဇာလည်း လက်စွဲထားပြီး သုံးနေကြကြောင်းသိခဲ့ရသည်။

တမာစေ့ကြိတ်ခွဲပုံ အဆင့်ဆင့်။

တမာပိုးသတ်ဆေးအစွမ်း

စိုက်ခင်းတွင် အပင်ဖျက်ပိုးမွှားကျရောက်ပါက တမာပိုးသတ်ဆေးရည် ဖျန်းပေးခြင်းဖြင့် တမာပိုးသတ်ဆေးရည်အစွမ်းသည် ပိုးလောက်ကောင်များ သက်တမ်းစေ့မနေရခြင်း၊ မှုမမှန်သည့် ဖလံအမကောင်များ ဖြစ်လာခြင်းနှင့် ဆက်လက်ပြီး မျိုးဆက်မပြန့်ပွားနိုင်အောင် မြုံသွားခြင်း၊ ပိုးမွှားများအစာဆက်လက်စားသောက်လိုစိတ်ပျက်ပြားသွားခြင်းတို့ ရှိသည်။ ဆေးနှင့်ထိတွေ့မှုကြောင့် ကြာလာသော် ပိုးမရှိအောင် နှိမ်နင်းပြီးဖြစ်သွားသည်။

တမာပိုးသတ်ဆေး၏ အကောင်းဆုံးစွမ်းဆောင်ချက်မှာ လူနှင့်သွေးနွေးသတ္တဝါများကို အန္တရာယ်မဖြစ်ပေါ်စေမှုနှင့် ပတ်ဝန်းကျင်လေထု၊ ရေထုညစ်ညမ်းမှုကို မဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ ထို့ပြင် တမာပိုးသတ်ဆေးပက်ဖျန်းထားသည့် ဟင်းသီးဟင်းရွက်ပါသည်။ ဓာတုပိုးသတ်ဆေးများကို နှစ်စဉ်ဆက်တိုက် အသုံးပြုလာကြပါက ပိုးမွှားများသည် ပိုးသတ်ဆေးယဉ်ပါးမှု ရှိလာသဖြင့် ဆေးအမျိုးမျိုး ပြောင်းလဲသုံးကြရလေ့ရှိသည်။ တမာပိုးသတ်ဆေးမှာ နှစ်စဉ်ဆက်တိုက်အသုံးပြုလာပါသော်လည်း ဖျက်ပိုးတို့အပေါ်တွင် ခံနိုင်ရည်ရှိမှုများ ဖြစ်ပေါ်မလာသည်ကိုလည်း တွေ့ရှိကြရပါသည်။

ပခုက္ကူဘက်မှ ဆေးရွက်ကြီးစိုက်ပျိုးသူများသည် တမာကြိတ်မှုန့်မြေဩဇာသုံးသဖြင့် ပျိုးပင်ငယ်မှာ ခါးရိရောဂါမကျသဖြင့် လက်စွဲသုံးကြသည်ကို သိရှိရပါသည်။ တမာကြိတ်မှုန့်မြေဩဇာတွင် နိုက်ထရိုဂျင်ဓာတ် ၇ ရာခိုင်နှုန်း၊ မီးစုန်းဓာတ် ၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် ပိုတက်စီယမ်ဓာတ် ၁ ဒသမ ၈ ရာခိုင်နှုန်းပါရှိသဖြင့် အပင်ဖြစ်

မန္တလေးတိုင်း ပလိပ်ရှိ တမာပိုးသတ်ဆေးထုတ်လုပ်မှု စက်ရုံကို တွေ့ရစဉ်။

သစ်သီးဝလံတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်မရှိသဖြင့် စားသုံးသူကို အန္တရာယ်မပြုနိုင်၊ နောက်တစ်ချက်ကောင်းကွက်မှာ စိုက်ပျိုးရေးသမားတို့၏ အဖျက်ရန်သူပိုးတို့ကို ကာကွယ်နှိမ်နင်းလိုက်သော်လည်း စိုက်ပျိုးရေးသမားတို့၏ အကျိုးပြုမိတ်ဆွေပိုးကောင်များကို ထိခိုက်မှုမရှိကြောင်း စမ်းသပ်ချက်များဖြင့် တွေ့ရှိပြီးဖြစ်

တမာကြိတ်မှုန့်မြေဩဇာတွင် အပင်လိုအပ်သော အဓိကဓာတ်များမှ နိုက်ထရိုဂျင်ဓာတ်ကို လေလွင့်ဆုံးရှုံးမှုမရှိစေရန် တွယ်ကပ်ထိန်းချုပ်နိုင်သဖြင့် ယူရီးယား(ပုလဲ) ဓာတ်မြေဩဇာနှင့် တွဲဖက်ရောနှောသုံးကြသည်။ ထို့အပြင် မြေတွင်းအောင်း အပင်ဖျက်ပိုးများနှင့် မြေကြီးထဲရှိ မှိုရောဂါများကို ကာကွယ်နှိမ်နင်းပေးသည့် အစွမ်းပါရှိသည်။

ထွန်းမှုကို အားပေးပါသည်။ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းရေးကို အထူးအလေးပေး ဆောင်ရွက်နေသော ယနေ့ကမ္ဘာကြီးတွင် တမာပိုးသတ်ဆေးသည် လယ်ယာစိုက်ပျိုးသူများ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများ၊ ဥယျာဉ်ခြံစိုက်ပျိုးသူများနှင့် စားသုံးသူများအတွက် များစွာအထောက်အကူပြုလျက်ရှိနေပါကြောင်း လေ့လာတွေ့မြင်ခဲ့ရပါတော့သည်။ ။



သမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ခရိုင် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းစု ဒါရိုက်တာ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးသဘာပတိ အသင်းစု ဒါရိုက်တာ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်၏ အစီရင်ခံစာနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် အသင်းဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းပြောကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

Geotechnical Engineering Course (Level I) ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၉

လုပ်ငန်းခွင်မှ ဘူမိအင်ဂျင်နီယာများအတွက် ပညာရပ်ဆိုင်ရာ ဉာဏ်သစ်လောင်းသင်တန်းအဖြစ် လည်းကောင်း၊ မျိုးဆက်သစ် ဘူမိဗေဒဘွဲ့ရများ၊ အင်ဂျင်နီယာများအတွက် ဘူမိအင်ဂျင်နီယာပညာရပ်၏ သဘောသဘာဝများကို နားလည်အသုံးချနိုင်စေရန်လည်းကောင်း ပြည်တွင်းပြည်ပ ပညာရှင်များ ပူးပေါင်းပို့ချမည့် Geotechnical Engineering Course (Level I) ကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဘူမိအင်ဂျင်နီယာကော်မတီက နိုင်ငံတကာအဆင့်မီ လက်မှတ်ရ သုံးလသင်တန်း အပတ်စဉ် (၄)အဖြစ် စက်တင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်ခွင့်ရှိသူများမှာ B.Sc. (Geology), B.Sc. Engg (Gem & Gem Mining), B. Tech/ B.E (Civil or Mining) တို့ ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ရုံးခန်း Room (303), MES Building လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၇၆၇၃-၇၆၊ Ext-501(ရုံးချိန်အတွင်း)၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၁၉၆၇၅၈၊ ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၅၁၆၂၁၆၉၊ ဦးချိုဦး ဖုန်း-၀၉-၅၀၉၄၅၇၅ နှင့် ဦးအေးလွင် ဖုန်း-၀၉-၅၀၀ ၆ ၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားမည်ဖြစ်သဖြင့် ဆောလျင်စွာ စာရင်းပေးသွင်းအပ်နှံကြရန် လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn နှင့် DFID'S Asia Director အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေအား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn နှင့် DFID'S Asia Director အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မေခလာခန်းမ၌လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

Logic Myanmar (Ideas of Solution) သည် လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀ (People's Utility of Electronics Exhibition-2010)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် Panasonic Electronic မှ အဓိကပံ့ပိုးပြီး Panasonic brand အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်ပန်ကာ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ TMW Enterprise Co.,Ltd. မှ Sony, T-Home, LG, Inax OTO ထုတ်ကုန်များ၊ ARCHER တံဆိပ် Shirt များ၊ Ever Seiko ရေနွေးချိုးစက်နှင့် Denyo မီးစက်များ၊ TWJS အိမ်သုတ်ဆေး၊ Good Brother's မီးစက်နှင့် လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာ လုပ်ငန်းရှင်ကြီးများ စုပေါင်းတင်ဆက်ပြသမည့် IT Zone တွင် Acer, MSI, Brother, Foxconn, Kaspersky, Suzuki, Delux အစရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Dell တံဆိပ် ကွန်ပျူတာများ၊ Infinity Investment Co.,Ltd. မှ Apple တံဆိပ် ကွန်ပျူတာနှင့် Dicota, Cornell လျှပ်စစ်ပစ္စည်းများ၊ Canon မှ ဒစ်ဂျစ်တယ်ကင်မရာများ၊ Smart Electronic Dictionary မှ အီလက်ထရွန်နစ်အဘိဓာန်များ၊ Rinnai မှ Gas Stove များ၊ Thukha Dana မှ ဆေးဝါးပစ္စည်းများ၊ Ocean Glory Co., Ltd.မှ Leeco တံဆိပ် Save Box များ၊ MNZ မှ ငွေရေစက်များ၊ I.E.M မှ Su-Kam,LiOA မီးစက်နှင့် လျှပ်စစ်ပစ္စည်းများ၊ Zulex မှ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ စိန်နှင့်မြမွေ့ရာနှင့် ပရိဘောဂများ၊ Yangon City Guide မှ လမ်းညွှန်စာအုပ်များ၊ Sp Group မှ Air pure တံဆိပ် Air Fresher များ၊ Yadanar Moe Co.,Ltd. မှ Air Fresher များ၊ Toshiba Kyaw Win မှ လျှပ်စစ်ပစ္စည်းများ၊ Moon Fancy မှ အမှတ်တရ ပစ္စည်းများ၊ Three Friends Trading မှ အဝတ်ခြောက်စက်များ၊ KPC ကိုရီးယားဂျင်ဆင်းအားဆေးများ၊ Tharaphee မှ Laminate Floor များ၊ Gold Co.,Ltd. မှ အချိုမှုန့်အစားထိုး ထုတ်ကုန်များ၊ Aung Battery မှ JAPAN နှင့် OHAYO အမှတ်တံဆိပ် Battery များ၊ IQ Land မှ အလှဆင်မီးပုံးများ၊ True Value မှ GPS စနစ်များ၊ Universal Light မှ Furniture များ၊ K Company မှ မီးဖိုဆောင်သုံးပစ္စည်းများ၊ Hone Shin Co.,Ltd. မှ စားသောက်ကုန်များ ပါဝင်မည်ဖြစ်ပြီး မြန်မာပြည်၏ ဆွဲဆောင်မှုရှိသော အမျိုးသားများ Attractive Male Models ပြိုင်ပွဲကို စက်တင်ဘာ၃ရက်တွင် Semi Final နှင့် စက်တင်ဘာ ၆ ရက်တွင် Final ပွဲစဉ်များအပြင် ဦးချိုကြီး ဦးစီးသော Super Stars Model Agency ၏ ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်မည်ဖြစ်ကာ ဖုန်း- ၇၃၀၄၃၆၁၁၊ ၇၃၀၇၃၁၈၉နှင့် ၀၉-၅၀၆၇၃၄၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသဉ်းခြင်းတို့ကြောင့် မျိုးပွားနှုန်း မြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည်-

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊ အကူအညီလိုအပ်ပါကနီးစပ်ရာမြန်မာ့စိုက်ပျိုးရေး လုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု (ဂဂ)

အားကစားဝန်ကြီးဌာန **နှစ်ဂိုး**
(မြင့်အောင်သူနှင့် အာကာကျော်ထင်)

သမဝါယမဝန်ကြီးဌာန **ဂိုးမရှိ**
(ဒိုင်) ဦးအောင်သူ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဂဂ)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန **နှစ်ဂိုး**
(ကျော်ဇေလင်းနှင့် နိုင်လင်းအောင်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန **နှစ်ဂိုး**
(ရဲလင်းနောင်နှင့် ရန်နိုင်စိုး)
(ဒိုင်) ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၀-၈-၂၀၁၀ ရက်
နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု (ဃဃ)
ပို့ဆောင်ရေးနှင့် စွမ်းအင်

၂၀-၈-၂၀၁၀ ရက်
ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု (ဃဃ)
ကာကွယ်ရေးနှင့် နယ်စပ်/စည်ပင် (၁၀၇)

အဂ္ဂါဒေးဗစ် ပြန်လာမည်

လန်ဒန် ဩဂုတ် ၁၉

တစ်ချိန်က နာမည်ကျော်ကြားခဲ့သည့်နယ်သာလန်ကြယ်ပွင့် အဂ္ဂါဒေးဗစ်သည် ဘောလုံးလောကမှ နှစ်နှစ်အနားယူပြီးနောက် ယခု အင်္ဂလန်သို့လာရောက်၍ ဘောလုံးလောကတွင်း ပြန်ဝင်တော့မည်ဟုဆိုသည်။

အသက် (၃၇) နှစ် ရှိသွားပြီဖြစ်သည့် အဂ္ဂါဒေးဗစ်သည် ၂၀၀၈ ခုနှစ်က အိုင်းယက် (Ajax) အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ ဘောလုံးလောကမှ နှစ်နှစ် ပျောက်ကွယ်ခဲ့သူဖြစ်သည်။ ယခုအခါ အဂ္ဂါဒေးဗစ်ကိုအင်္ဂလိပ်ပရီမီယာရှစ်ကလပ် ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြဂျော့ချ်ဘာလေကအသင်းတွင် လာရောက်ကစားရန် ဖိတ်ခေါ်ခဲ့ခြင်းကြောင့် ဘောလုံးလောကသို့ပြန်လည်ခြေချရန် စိုင်းပြင်းလာခဲ့ခြင်း ဖြစ်သည်။ အဂ္ဂါဒေးဗစ်သည် ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ စပါးအသင်းတွင် ကစားခဲ့ဖူးခြင်းကြောင့် အင်္ဂလန်ကစားဟန်နှင့်မစိမ်းသည့် ကစားသမားတစ်ဦးဖြစ်သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် တစ်ချိန်က ဘာစီလိုနာ၊ ဂျူဗင်တပ်စ်၊ အင်တာမီလန်နှင့် အေစီမီလန်တို့တွင် ကစားခဲ့စဉ်က နာမည်ကြီးခဲ့သည့် အဂ္ဂါဒေးဗစ်ကို ကာလတိုစာချုပ်တစ်ရပ် ချုပ်ဆိုဖွယ်ရှိနေသည်။ ***အင်တာနက်။***

ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် အတူဘောလုံးလောကသို့ ပြန်လည်ခြေချလာမည့် အဂ္ဂါဒေးဗစ်။

ဂျိမ်းစ်မေလ်နာကို မန်စီးတီးခေါ်ယူ

လန်ဒန် ဩဂုတ် ၁၉

အင်္ဂလန်နှင့် အက်စတွန်ဗီလာကွင်းလယ်ကစားသမား ဂျိမ်းစ်မေလ်နာကို မန်စီးတီးအသင်းက အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် အသက် (၂၄) နှစ်ရှိ မေလ်နာကို ပေါင် ၂၆ သန်းဖြင့် ဝယ်ယူကာ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်ဟုဆိုသည်။

မေလ်နာ၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၂၆ သန်းဟုဆိုရာဝယ် ၎င်း၏အမှန်တကယ်တန်ဖိုးမှာ ပေါင်၁၈သန်းဖြစ်ပြီး မေလ်နာကို ခေါ်ယူမှုတွင် ပေါင်ရှစ်သန်းတန် မန်စီးတီးကွင်းလယ်ကစားသမား အိုင်ယာလန်ကိုလည်း အလိုက်ပေးရခြင်းကြောင့် နှစ်ရပ်ပေါင်း ၂၆ သန်းဖြစ်သည်။ မန်စီးတီးနည်းပြမန်စီနီက မေလ်နာကို ခေါ်ယူနိုင်ခြင်းအတွက် အလွန်ပင်ဝမ်းသာမိကြောင်း၊ မေလ်နာသည် ကွင်းလယ်တွင် စိတ်လှုပ်ရှားစရာအပြည့်အဝပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်သကဲ့သို့ အသင်းအတွက် မရှိမဖြစ် လိုအပ်မည့်သူတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။ မေလ်နာသည် မန်စီးတီးအသင်းတွင် ကျောနံပါတ် (၇)အင်္ကျီဝတ်ဆင်ကစားမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် ၂၀၁၀-၂၀၁၁ဘောလုံးရာသီအတွက်အကောင်းဆုံးပြင်ဆင်လျက်ရှိရာ ယခုနွေရာသီအပြောင်းအရွှေ့တွင် ယာယာတိုရေ၊ ဒေးဗစ်ဆေးလ်ဗား၊ ဘိုတန်၊ ကိုလာရော့ဗ်၊ မာရီယိုဘာလော့တယ်လီနှင့် ယခု ဂျိမ်းစ်မေလ်နာတို့အတွက် ပေါင်သန်း ၁၅၀ အသုံးပြုပြီးဖြစ်သည်။ ***အင်တာနက်။***

မန်စီးတီးအသင်း ခေါ်ယူစာချုပ်လိုက်သည့် ဂျိမ်းစ်မေလ်နာ။

အိုဇေးလ် ရီးယဲလ်မက်ဒရစ်ကို ပြောင်းပြီ

မဒရစ် ဩဂုတ် ၁၉

ဝါဒါဘရီမင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်သည် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ တရားဝင်ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်သည်။

အသက် (၂၁) နှစ်ရှိ အိုဇေးလ်၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၂ သန်းဟုသာ ဖော်ပြထားသည်။ ရီးယဲလ်မက်ဒရစ် အသင်းသည် ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခီဒီရာ၊ ဒီမာရီရာ၊ ကာဗယ်ဟို စသည့် အဆင့်အတန်းမီကစားသမားများကို ခေါ်ယူနိုင်ခဲ့သည့်အပြင် ယခုအိုဇေးလ်ကိုရလိုက်ခြင်းကြောင့် တောင့်တင်းသည့် အသင်းတစ်သင်း ဖြစ်လာတော့မည်ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်ရောက် အိုဇေးလ်က ၎င်းအနေဖြင့် ရီးယဲလ်မက်ဒရစ်ကို ရွေးချယ်ခဲ့ခြင်းမှာ မှန်ကန်သည့် လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

ရီးယဲလ်မက်ဒရစ်သို့ ရောက်ရှိသွားပြီဖြစ်သည့် အိုဇေးလ်။

ဝင်းတင်(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ပါရမီအခြေခံသစ္စာဉာဏ်" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၆း၄၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၃)**
၈း၄၀ Sports World
၉း၀၀ Activities In the City
- မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
- RIGHT ONCO CARE CENTRE ၏အဆုတ်ကင်ဆာ အကြောင်းပညာပေး ဟောပြောပွဲ
၉း၂၅ မြန်မာ့ခြင်းလုံး
၉း၃၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ နှင်းဆီ) (အပိုင်း-၂)
၁၀း၂၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၀း၃၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
၁၀း၄၅ သူ့ဘဝနှင့်သူ၏အနုပညာ (စောင်းပညာရှင် ဒေါ်ခင်မေနှင့် တွေ့ဆုံခြင်း)
၁၀း၅၅ VJ Choice
၁၁း၂၅ မျက်ရည်စက်များကင်းစေချင် (အကယ်ဒမီနေအောင်၊ အကယ်ဒမီချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ) [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၂း၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ)
၁၂း၂၅ သပ်ရပ်လှပအကွက်ဆင်ပန်းတနော်သင်
၁၂း၃၅ Activities In the City
- မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ
- RIGHT ONCO CARE CENTRE ၏အဆုတ်ကင်ဆာ အကြောင်းပညာပေး ဟောပြောပွဲ
၁း၀၀ "ပါရမီအခြေခံသစ္စာဉာဏ်" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၁း၄၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၂း၀၀ MRTV-4 သတင်း
၂း၄၅ 2010 Summer Youth Olympics
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၃)**
၄း၁၅ မူပိုင်ကိုယ်စီတေးကိုသီ
၄း၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၅၅ မော်တင်စွန်းဆီသို့. . .
၅း၂၅ MNL Preview
၆း၀၀ MRTV-4 သတင်း
၆း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၆း၄၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ)
၇း၀၀ 2010 Summer Youth Olympics
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ World of Knowledge (The Megafalls of Iguacu)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၃)**
၁၀း၀၀ VJ Choice
၁၀း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀း၅၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၅ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
၁၁း၂၅ သူ့ဘဝနှင့်သူ၏အနုပညာ (စောင်းပညာရှင်ဒေါ်ခင်မေနှင့် တွေ့ဆုံခြင်း)
၁၁း၃၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
၁၁း၄၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၁း၅၀ မြန်မာ့ခြင်းလုံး
၁၂း၀၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြိတ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

မြိတ်မြို့ မဇောကျေးရွာ မိုးစပါး စုပေါင်းမြေဩဇာကြဲပက်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၉နာရီတွင် ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မိုးစပါး စုပေါင်းမြေဩဇာကြဲပက်နေမှုနှင့် မဇောကျေးရွာ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးသည် ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘန်းလမွတ်ကျေးရွာ တောင်သူတစ်ဦး၏ ရော်ဘာသီးညှပ် စပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် ဩဂုတ် ၁၃ ရက်တွင် မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်တန်းသူများ၏ လက်ရာအဝတ်အထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. V.S. Seshadri လာရောက်တွေ့ဆုံစဉ်။ (စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်းအား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.V.S.Seshadriသည် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀ - ၈ - ၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ဘုန်းကံကြီးမားထင်ရှားသာဓက
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိုတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့်တောတွင်းတိရစ္ဆာန်များ -ရေထဲမှသက်ရှိတို့၏ဘဝ (အပိုင်း-၂) (ဇာတ်သိမ်း)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၉)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၇)**
- ၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိုတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် ပျူခေတ်ရွှေလက်စွပ် လာရောက်အပ်နှံသူ မအေးနွယ်အား ဆုကြေးငွေများ ချီးမြှင့်စဉ်။ (ယဉ်ကျေးမှု)

ပျူခေတ် ရွှေထည်လက်စွပ် လာရောက်အပ်နှံမှုအတွက် ဆုကြေးငွေများ ထိုက်တန်စွာချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွာခိုင်ကြီးတိုက်နယ် မြင်းထားဝယ်ကျေးရွာနေ မအေးနွယ်သည် ပေါင်းရှင်းရာမှတွေ့ရှိသော ပျူခေတ်ရွှေလက်စွပ်ကို လာရောက်အပ်နှံသည့်အတွက် ဆုကြေးငွေချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရုံးခန်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ဆုကြေးငွေများ ချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှေးဟောင်းပစ္စည်း ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ယခုကဲ့သို့ ရှေးဟောင်းပျူခေတ်လက်ရာ ရွှေထည်လက်စွပ်ပစ္စည်းကို တာဝန်သိစွာဖြင့် လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလာရောက်အပ်နှံသော ပစ္စည်းသည် ပျူခေတ်လက်ရာဖြစ်သဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးအပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုးများ ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာ ဆုကြေးငွေချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက်ရှိကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ပျူခေတ်နွားလားဥသဘပုံ ရွှေလက်စွပ် အလေးချိန် ၁၀၆ ဒသမ ၄၆ ဂရမ် (၆ ကျပ် ၆ ပဲ ၂ ရွေး ၁ ခြမ်း)ကို လာရောက်အပ်နှံသော မအေးနွယ်အား ဆုကြေးငွေ ၉၉၄၄၀၈၇ကျပ်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုကြေးငွေ ချီးမြှင့်ခံရသူ မအေးနွယ်က ကိုယ်တိုင်တွေ့ရှိအပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် နောင်အခါ ရှေးဟောင်းပစ္စည်းတွေ့ရှိပါကလည်း တာဝန်သိစွာဖြင့် လာရောက်အပ်နှံကြရန် ထပ်ဆင့်အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှ တွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ မိုင်းရယ်မြို့၌ စုပေါင်းဆောင်ရွက်

မိုင်းရယ် ဩဂုတ် ၁၉

မိုင်းရယ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ တစ်အိမ်တက်ဆင်း ခြင်ဆေးဖျန်းခြင်းနှင့် ရေဝပ်သည့်နေရာများတွင် ABATE ဆေးမှုန့်များ ခတ်ခြင်းလုပ်ငန်းများကို မြို့ပေါ်သုံးရပ်ကွက်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ ဇူလိုင် ၃၁ ရက်က စုပေါင်း ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်သည့် ရပ်ကွက်များသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအာကာစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှထွန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းသန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော မဟာဗန္ဓုလတံတား အမှတ်(၁) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှု ၂၀၉ မှုမှ တရားခံ ၃၃၂ ဦး အရေးယူခဲ့

နေပြည်တော် ဩဂုတ် ၁၉

ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၂ မှု (အလေးချိန် ၈၄ ဒသမ ၁၃၆၃ ကီလိုဂရမ်)၊ ဘိန်းဖြူ ၇၅ မှု (အလေးချိန် ၁ ဒသမ ၁၀၉၈ ကီလိုဂရမ်)၊ ဘိန်းဆီခဲ ၁၁ မှု (အလေးချိန် ၁၃ ဒသမ ၄၆၀၇ ကီလိုဂရမ်)၊အဆင့်နိမ့်ဘိန်း ၁၃ မှု (အလေးချိန် ၁၁ ဒသမ ၄၈၀၁ ကီလိုဂရမ်)၊ ဆေးခြောက် ၁၂ မှု (အလေးချိန် ၃၇ ဒသမ ၇၄၈ ကီလိုဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြားမှု ၆၀ (၉၃၃၉၅ ပြား)၊ ဘိန်းစာမှုန့် ခုနစ်မှု (၆၂ ဒသမ ၇၁၅ ကီလိုဂရမ်)၊ ဘိန်းရည် တစ်မှု (အလေးချိန် ၁၀၃ ဒသမ ၆၂ လစ်တာ)၊ ဆူဒိုအက်ဖီဒရင်း နှစ်မှု (ဆေးပြား ၇၉၈၆၂၀ ပြား)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၁ ဒသမ ၀၀၃ ကီလိုဂရမ်)၊ ဖင်ဆီဒိုင်း တစ် မှု (အလေးချိန် ၄ ဒသမ ၄ လစ်တာ)၊ စိတ်ကြွဆေးအကြေမှုန့် တစ်မှု (အလေးချိန် သုည ဒသမ ၀၀၇၆ ကီလိုဂရမ်)၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု နှစ်မှုတို့ဖြစ်သည်။

အမှုပေါင်း ၂၀၉ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၇၉ ဦးနှင့် တရားခံမ ၅၃ဦး စုစုပေါင်း ၃၃၂ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၆-၈-၂၀၁၀ ရက်တွင် အမရဘဏ်အား နေပြည်တော်တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

(၁) ဝဏ္ဏကျော်ထင် ဦးတင့်ဆန်း ဥက္ကဋ္ဌ (A.C.E ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(၂) ဝဏ္ဏကျော်ထင် ဦးရန်ဝင်း ဥက္ကဋ္ဌ (A-1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(၃) ဝဏ္ဏကျော်ထင် ဦးသာဌေး ဥက္ကဋ္ဌ (Original Group ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(၄) ဦးသက်လင်း ဥက္ကဋ္ဌ (T.Z.T.M ကုမ္ပဏီလီမိတက်)
(၅) ဦးသိန်းဝင်း ဥက္ကဋ္ဌ (ရွှေသပြေကုမ္ပဏီလီမိတက်)
(၆) ဦးဝင်းနိုင်၊ ဦးသန်းလွင် ဥက္ကဋ္ဌ MD (WEG ကုမ္ပဏီလီမိတက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၇-၈-၂၀၁၀ ရက်တွင် မြန်မာ့ရှေ့ဆောင်ဘဏ်အား နေပြည်တော်တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

(၁) ဝဏ္ဏကျော်ထင် ဦးတင့်ဆန်း ဥက္ကဋ္ဌ (A.C.E ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(၂) ဝဏ္ဏကျော်ထင် ဦးရန်ဝင်း ဥက္ကဋ္ဌ(A-1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(၃) ဝဏ္ဏကျော်ထင် ဦးသာဌေး ဥက္ကဋ္ဌ (Original Group ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)
(၄) ဦးသက်လင်း ဥက္ကဋ္ဌ(T.Z.T.M ကုမ္ပဏီ လီမိတက်)
(၅) ဦးသိန်းဝင်း ဥက္ကဋ္ဌ (ရွှေသပြေကုမ္ပဏီလီမိတက်)
(၆) ဦးဝင်းနိုင်၊ ဦးသန်းလွင် ဥက္ကဋ္ဌ MD (WEG ကုမ္ပဏီလီမိတက်)

✻ ကျောဖုံးမှ

ပွဲသိမ်းလာခဲ့သူဖြစ်သည်။ နှစ်ဦးစလုံးက ရွှေခါးပတ်ပြိုင်ပွဲ အတွေ့အကြုံရင့်နေကြသူများဖြစ်သည်။ မိုးသီးက ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံဘွဲ့ ခံယူချင်မည်ဖြစ်သကဲ့သို့ အောင်စစ်မင်းကလည်း နှစ်ကြိမ်လွဲခဲ့ရသည့် ရွှေခါးပတ်ကို ယခုပွဲ၌ အရယူမည်ဟု ကြုံးဝါးနေသည်။ ထစ်ချုန်းကလည်း ဝါရင့်လက်ဝှေ့သမားဖြစ်ပြီး ရွှေခါးပတ်ကို ငမ်းငမ်းတက် လိုချင်နေသူဖြစ်သည်။



စောအုန်းမြင့် (အလင်းရောင်)

၅၁ ကီလို ဖလိုင်းဝိတ်တန်းတွင် စောသဲမင်း (မိုးသောက်ကြယ်)နှင့် ထွန်းဝင်း (တိုက်ဂါး)၊ ကွာတားတွင် ထပ်ဆင့်ချန်ပီယံရွှေကျည်ဆံကို အနိုင်ယူလာသည့် ခိုင်လင်းဦး(တောင်ကလေး)နှင့် မဲစနစ်အရ ဆီမီးမှ ထိုင်စောင့်နေသည့် စိန်လင်းအောင်(ရွှေကုက္ကို) တို့ ရင်ဆိုင်ကြမည်။ ခိုင်လင်းဦးရော စိန်လင်းအောင်ပါ မာဂုဏ်မြင့်သော လက်ဝှေ့သမားများဖြစ်ကြသည်။ ဘယ်သန် ခိုင်လင်းဦးက နွားသိုးကြိုးပြတ် တိုက်စစ်ဖွင့်တတ်သူဖြစ်ပြီး မြိုင်ကြီးငူနှင့် ကရင်ပြည်နယ်နေ့ အောင်လံများရရှိထားသူ စိန်လင်းအောင်ကလည်း နောက်မဆုတ်တမ်း ထိုးသတ်တတ်သူဖြစ်သည်။

၅၄ ကီလိုဘင်တန်ဝိတ်တန်းတွင် ပြိုင်ပွဲဝင်လေးဦးသာရှိ၍ ဆီမီးဖိုင်နယ်တွင်မှ စတင်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မွန်ပြည်နယ်တစ်ခွင်၌ ငှက်ပျောတော ဝင်းတင်ဟု နာမည်ကျော်ခဲ့သူ ဝင်းတင်(ရွှေကုက္ကို)နှင့် မာဂုဏ်မြင့်ပြီး ဗလာဒူးကောင်းသည့် ဆက်ထူးအောင်(တောင်ကလေး)၊ နယ်စပ်ဒေသ မြဝတီကို အခြေပြု၍ မဲဆောက်တစ်ခွင်၌ မွေ့ထိုင်းတို့ကို မြန်မာ့လက်ဝှေ့စွမ်းပြခဲ့သည့် နည်းပြဆရာ ဝမ်ချိုင်း၏ မိုးမင်းမောင်ကလပ်မှ ချစ်အောင်နှင့် ဝါရင့်လက်ဝှေ့သမား အသဲစွဲ (ဘီလပ်မြေစက်ရုံ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၅၇ ကီလို ဖယ်သာဝိတ်တန်းက ယခုပြိုင်ပွဲ၏ ပွဲအကျပ်ဆုံးဝိတ်တန်း ဖြစ်နေသည်။ ၂၀၀၅ ခုနှစ်က မြိတ်မြို့တွင် ရန်ကြီးအောင်ကိုပင် အလဲထိုးနိုင်ခဲ့သူ စောအုန်းမြင့် (မြို့တော်စည်ပင်)နှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)၊ ယခုဝိတ်တန်း လက်ရှိရွှေခါးပတ်ချန်ပီယံ သတ္တိအောင်(တောင်ကလေး)နှင့် သားသား (T & T)တို့ ဗိုလ်လုပွဲ တက်နိုင်ရေး အဖြေရှာကြမည်ဖြစ်သည်။ လက်ဝှေ့သမား လေးဦးစလုံးသည် မာဂုဏ်၊ သက်လုံ၊ ပညာဂုဏ်ချင်း တူသည်သာမက အသည်းဖွဲ့ကောင်းပုံခြင်းပါ တူညီကြသဖြင့် ဗိုလ်လုပွဲတက်ရေးပုစ္ဆာကို အကြမ်းတမ်းဆုံး၊ အရက်စက်ဆုံး တွက်နည်းများဖြင့် အဖြေရှာကြလိမ့်မည်ဖြစ်သည်။

၆၀ ကီလို လိုက်ဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ ဝါရင့်လက်ဝှေ့ကျော် ဒေါနအောင်ကို အမှတ်ပြတ်ဖြင့် ကျော်ဖြတ်လာသည့် စိုးလင်းဦး(တောင်ကလေး)နှင့် ဝါရင့်လက်ဝှေ့သမား မောင်မောင် (ဘီလပ်မြေစက်ရုံ)၊ ဆီမီးဖိုင်နယ်မှ ထိုင်စောင့်နေသည့် ကညောထူး(ရွှေကုက္ကို)နှင့် ကွာတားဖိုင်နယ်တွင် ဟိန်းညီညီကို ညာဒူးဖြင့် ပွဲသိမ်းလာသော ကိုဦးလေး (မိုးမင်းမောင်)တို့ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)

၆၃ ဒသမ ၅ ကီလို လိုက်ဝယ်တာဝိတ်တန်းတွင် လက်ရှိရွှေခါးပတ်ချန်ပီယံ အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)နှင့် ရွှေသိန်းအောင် (ဖလုံပညာတဝေါင့်)၊ ရန်ဆက်နိုင်(တောင်ကလေး)နှင့် မိုက်တိုင်ဆန်(မြို့တော်စည်ပင်)တို့ ရင်ဆိုင်တွေ့ကြမည်။ ဝိတ်တန်းကြီးလာသည်နှင့်အမျှ ကြိုးဝိုင်းအတွေ့အကြုံရင့်၍ ပညာစုံကြသူချင်း ဆုံတွေ့ကြခြင်း ဖြစ်သည်။

၆၇ ကီလို ဝယ်လ်တာဝိတ်တန်းတွင် ဆီမီးဖိုင်နယ်မှ စောင့်နေသည့် အာကာဟိန်း(မိုးမင်းမောင်)နှင့် ကွာတားဖိုင်နယ်၌ ဗသုန်ပန်ဆက်ကို အလဲထိုးလာသည့် ရွှေမင်းရာဇာ(တောင်ကလေး)တို့ တွေ့ကြမည်ဖြစ်ပြီး ကွာတားဖိုင်နယ်တွင် ပြိုင်ဘက်များကို အနိုင်ယူလာကြသည့် စောရန်ပိုင် (ဘီလပ်မြေစက်ရုံ)နှင့် လုံးချောလေး (ရက္ခဗျာလ)တို့ တွေ့ကြမည်ဖြစ်သည်။



ဘီလပ်မြေမောင်မောင်(ဘီလပ်မြေစက်ရုံ)

ဝင်ကြေး ရိုးရိုးတန်း ကျပ် ၄၀၀၀ နှင့် အထူးတန်း ကျပ် ၇၀၀၀ သတ်မှတ်ထားသည်။ ပြိုင်ပွဲကျင်းပသည့် နေ့များတွင် မွန်းလွဲ ၁၂ ခွဲနာရီမှ ၂ နာရီအထိ အသင်းတိုက်မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ အခမဲ့ ကြိုပို့ယာဉ် စီစဉ်ပေးထားမည်ဖြစ်ပြီး အသေးစိတ်စုံစမ်းလိုပါက ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅ လမ်း(လယ်) ဖုန်း-၃၈၇၆၅၀၊ ၀၉-၅၁၂၉၂၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

၂၁-၈-၂၀၁၀ (စနေနေ့) ပွဲစဉ်များမှာ စိုးလင်းဦး(တောင်ကလေး)နှင့် ဘီလပ်မြေမောင်မောင်(ဘီလပ်မြေစက်ရုံ)(လိုက်ဝိတ်တန်း)၊ မင်းရန်နိုင်(ခ)စောရန်ပိုင် (ဘီလပ်မြေစက်ရုံ)နှင့် လုံးချောလေး(ရက္ခဗျာလ) (ဝယ်လ်တာဝိတ်တန်း)၊ မိုက်တိုင်ဆန် (မြို့တော်စည်ပင်)နှင့် ရန်ဆက်နိုင် (တောင်ကလေး) (လိုက်ဝယ်လ်တာဝိတ်တန်း)၊ ဝင်းတင် (ရွှေကုက္ကို)နှင့် ဆက်ထူးအောင် (တောင်ကလေး) (ဘင်တန်ဝိတ်တန်း)၊ ချစ်အောင် (မိုးမင်းမောင်)နှင့် အသဲစွဲ (ဘီလပ်မြေစက်ရုံ) (ဘင်တန်ဝိတ်တန်း)၊ အောင်စစ်မင်း (မျိုးဆက်သစ်)နှင့် မိုးသီး (တောင်ကလေး) (လိုက်ဖလိုင်းဝိတ်တန်း)၊ စစ်မင်း (တိုက်ဂါး)နှင့် ထစ်ချုန်း (မိုးသောက်ကြယ်) (လိုက်ဖလိုင်းဝိတ်တန်း)။

၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့) ပွဲစဉ်များမှာ သားသား (T&T)နှင့် သတ္တိအောင် (တောင်ကလေး) (ဖယ်သာဝိတ်တန်း)၊ စိုးမိုးဟိန်း (မျိုးဆက်သစ်)နှင့် စောအုန်းမြင့် (မြို့တော်စည်ပင်) (ဖယ်သာဝိတ်တန်း)၊ ရွှေသိန်းအောင် (ဖလုံပညာတဝေါင့်)နှင့် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ) (လိုက်ဝယ်လ်တာဝိတ်တန်း)၊ ကညောထူး (ရွှေကုက္ကို) နှင့် ကိုဦးလေး (မိုးမင်းမောင်) (လိုက်ဝိတ်တန်း)၊ ရွှေမင်းရာဇာ (တောင်ကလေး)နှင့် အာကာဟိန်း (မိုးမင်းမောင်) (ဝယ်လ်တာဝိတ်တန်း)၊ စိန်လင်းအောင် (ရွှေကုက္ကို)နှင့် ခိုင်လင်းဦး (တောင်ကလေး) (ဖလိုင်းဝိတ်တန်း)၊ စောသဲမင်း (မိုးသောက်ကြယ်)နှင့် ထွန်းဝင်း (တိုက်ဂါး) (ဖလိုင်းဝိတ်တန်း) မျိုးဆက်သစ် အထူးလေးချိန်ခေါ်ပွဲများ ပါဝင်သည်။



မိုက်တိုင်ဆန်(မြို့တော်စည်ပင်)

စိုးလင်းဦး(တောင်ကလေး)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးလျော့နိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် ၁ ဒသမ ၀၆ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၇၄ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပြည်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သံတွဲမြို့နှင့် သာယာဝတီမြို့တို့တွင် ၂ ဒသမ ၀၅လက်မစီ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ၇၇လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၀၃လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဩဂုတ် ၂၀ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၂၇ ဒသမ သုည ဒီဂရီစင်တီဂရိတ် (၈၁ ဒီဂရီဖာရင်ဟိုက်)	၁၈-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်	၂၄ ဒသမ သုည ဒီဂရီစင်တီဂရိတ် (၇၅ ဒီဂရီဖာရင်ဟိုက်)	၁၉-၈-၂၀၁၀
၉နာရီခွဲအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၁၉-၈-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၇၄ လက်မ	၁၉-၈-၂၀၁၀

ဩဂုတ် ၃ ရက်က အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင် ကျေးရွာအုပ်စု တောင်သူဦးစံသိန်း၏ လယ်မြေအတွင်း ကျင်းပသော ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ် စိုက်ပျိုးနေမှုကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ခရိုင်၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ အားပေးကြည့်ရှုကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ဝမ်းတွင်း ဩဂုတ် ၁၉

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇူလိုင် ၂၈ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရန်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဥပဒေအရာရှိ ဦးအေးသိန်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ လဝကဦးစီးမှူးဦးကျော်ဌေးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးလုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးအုန်းမောင်က မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေးလုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရပ်/ကျေးကော်မရှင် လုပ်ငန်းလမ်းညွှန်များကိုလည်းကောင်း ရှင်းလင်းပို့ချသည်။

ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက ဆွေးနွေးမေးမြန်းသည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ ကျိုင်းတုံတက္ကသိုလ်၌ ကျင်းပ

ကျိုင်းတုံ ဩဂုတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ပြည်နယ်ရုံး(ကျိုင်းတုံ)က ဦးစီးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက်က ကျိုင်းတုံတက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာကိုကိုကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၁၄ ဦး တက်ရောက်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)မှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး စစ်ဆေးရေးမှူး(၃) ဦးအောင်မိုးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူးအေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်ဖြစ်ပွားသော ယာဉ်တိမ်းမှောက်မှု မှတ်တမ်းဓာတ်ပုံများကို ဗီဒီယိုဆလိုက်များဖြင့် ဟောပြောခဲ့ကြောင်းသိရသည်။ (ကညနကျိုင်းတုံ)

ဥပဒေနှင့်အညီ ငါးဖမ်းဆီးရေး ကွင်းဆင်းစစ်ဆေး ပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဩဂုတ် ၁၉

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့်အဖွဲ့သည် ဩဂုတ် ၁ရက်မှ ၁၃ ရက်အထိ မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာသို့ ကွင်းဆင်းသွားရောက်ပြီး ငါးနှင့် ရေသယံဇာတများ မျိုးမသုဉ်းရေး၊ ရေရှည်စားသုံးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ငါးဖမ်းဆီးရေးအတွက် ကွင်းဆင်းစစ်ဆေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်သည့်အပြင် ဒေသငါးမျိုးစိတ်များ တိုးပွားစေရေးအတွက် ငါးမျိုးစိုက်ထည့်ပွဲများ ကျင်းပသည်။

မျိုးစိုက်ထည့်သွင်း

ယင်းငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာ အလယ်အင်းအတွင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမြင့်အေးနှင့်ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အင်းလုပ်သားများက ဘီလားငါးမျိုး ၂၂၆၀၀၊ တီလားပီးယားငါးမျိုး ၃၅၀၀၊ ငါးကျည်းငါးမျိုး ၅၅၀၀၊ လယ်ငါးခူ ၃၅၀၀ နှင့် ငါးပြေမ ၂၁၀၀တို့အား ဒေသငါးမျိုးစိုက်ထည့်ခဲ့သည့်အပြင် ဇူလိုင် ၅ ရက်ကလည်း ငါးရှဉ့်ကောင်ရေ ၅၂၀ နှင့် ကဏန်းကောင်ရေ ၃၆၀၀ တို့အား ငါးရှဉ့်နှင့် ကဏန်းမျိုးစိတ်များ တိုးပွားရေးအတွက် မော်လမြိုင်ကျွန်းမြို့ တုံးလဲ့ချောင်းမြစ်အတွင်း မျိုးစိုက်ထည့်ခဲ့သည်။

မော်လမြိုင်ကျွန်း တစ်မြို့နယ်လုံး၌ ဩဂုတ် ၁၅ ရက်အထိ ဒေသငါးမျိုးကောင်ရေ ၇၃၀၂၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (၃၆၄)

ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၉ ရက်တွင် ဦးပန်းဝင်းနှင့်ဇနီး နန့်မူဟီမိသားစုက ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (၃၆၅)

ဒိုက်ဦး၌ ငါးမျိုးစိုက်ထည့်

ဒိုက်ဦး ဩဂုတ် ၁၉

ဒိုက်ဦးမြို့နယ် ကောလိယချောင်း၌ ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၄ ရက်က ကျင်းပရာ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက စုစုပေါင်း ငါးကောင်ရေ ခုနစ်သိန်းကျော်ကို မြို့နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များအတွင်း စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** (မြို့နယ်ပြန်/ဆက်)

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ် စုပေါင်းအလှူကို ဩဂုတ် ၂၂ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း မှန်ကျောင်း၌ ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ဂျိုးမင်းသက်န်းတိုက် ဦးနွေးအောင်-ဒေါ်တင်ဝိုင်း မိသားစုက ပူးပေါင်းကျင်းပမည်ဖြစ်ရာ ပုဂံ-ညောင်ဦးမြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းနာယက ဦးဘမောင် ဖုန်း- ၂၀၁၄၆၈၊ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း- ၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွှန့် ဖုန်း- ၅၅၂၄၀၉၊ အတွင်းရေးမှူး ဗိုလ်ကြီးထွန်းအောင်ရှိန်(ငြိမ်း) ဖုန်း-၀၉-၈၆၂၇၉၃၊ တွဲဖက်အတွင်းရေးမှူး ဦးပေါများ ဖုန်း-၇၃၀၇၁၅၂၅နှင့် ဦးနွေးအောင် (ဂျိုးမင်းသက်န်းတိုက်) ဖုန်း-၅၄၀၁၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (၆၁)

တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ ဩဂုတ် ၁၄ ရက်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဟောပြောပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား အလှူရှင်ဦးဘချစ်၊ ဇနီး ဒေါ်တင်သန်း မိသားစုက ကြက်သားဆန်ပြုတ် အာဟာရတိုက်ကျွေးရာ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာကြော့ခင်ခင်၊ ဒေါက်တာကျင်အုန်း၊ ကျောင်းအုပ်ဆရာကြီး ဦးလှဦးနှင့် ဆရာ၊ ဆရာမများနှင့် အလှူရှင်များ တိုက်ကျွေးကြစဉ်။ (၃၄၂)

ကြေးမုံ The Mirror
မြို့ နယ် သတင်း များ

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇွန် ၉ ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်၊ ဒုတိယဦးစီးမှူး ဒေါ်အေးအေးမြင့်နှင့်အတူ ပန်းတောင်းမြို့နယ် အဖွဲ့ပိုင်ဥသျှစ်ပင်ဈေးတွင် မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှုနှင့် မီးကြိုး၊ မိန်းခလုတ်များ စနစ်တကျသွယ်တန်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တမူးခရိုင် ခမ်းပါတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သော အမှတ်(၅)ရပ်ကွက် သွားလမ်း ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို ဇူလိုင် ၂၉ရက်က မြို့နယ်တာဝန်ခံ ဦးအေးမင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်ခင်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ကျေးလက်ရေပေးရေး

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ဟင်းလျာကန်ကျေးရွာ မိုးရေလှောင်ကန်ကို စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးသန်းမင်တင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ ဥသျှောမြို့သစ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး ဩဂုတ် ၁၉

ပဲခူးမြို့ ဥသျှောမြို့သစ် (၈)ရပ်ကွက် မင်္ဂလာတောရမိုးကုတ်ဝိပဿနာဓမ္မာရုံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၉ရက်က ကျင်းပရာ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး အရိပ်ရပင် ၁၆၀၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ

ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H & S နှင့် T & T Group တို့ ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၁ရက်နှင့် ၂၂ရက် တို့တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ မွန်းလွဲ ၂ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ပြိုင်ဘက်များကို အနိုင်ယူ၍ တက်ရောက်လာကြသည့် လက်ဝှေ့သမားများ၊ မဲစနစ်အရ ဆီမီးဖိုင်နယ်တွင်မှ စတင်ယှဉ်ပြိုင်ထိုးသတ်ရမည့် လက်ဝှေ့သမားတို့၏ ဗိုလ်လုပွဲ တက်ရောက်နိုင်ရေး အကြိတ်အနယ် ရင်ဆိုင်ကြမည့် ပွဲများနှင့်အတူ လေးချီ အထူးစိန်ခေါ်ပွဲများကိုပါ ထည့်သွင်းထားသည်။

ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ထိုးသတ်ကြမည့် တွဲဆိုင်းများကို လေ့လာကြည့်သည့်အခါ ဝိတ်တန်းတိုင်းတွင် စိတ်ဝင်စားဖွယ်ကောင်းသော တွဲဆိုင်းများ ပါဝင်နေသည်။ ၄၈ ကီလိုလိုက်ဖလိုင်းဝိတ်တန်းတွင် လက်ရှိချန်ပီယံ မိုးသီး(တောင်ကလေး)နှင့် အောင်စစ်မင်း (မျိုးဆက်သစ်)၊ ထစ်ချွန်း(မိုးသောက်ကြယ်)နှင့် စစ်မင်း(တိုက်ဂါး) တို့ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး အတွက် ယှဉ်ပြိုင်ကြရမည်။ မိုးသီးက ကွာတားဖိုင်နယ်တွင် သားကချင်ကို နောက်ပြန်ဖနောင့်ကန်ချက်ဖြင့် ပွဲသိမ်းလာသကဲ့သို့ အောင်စစ်မင်းကလည်း နေစိုးအောင်ကို လျှပ်တစ်ပြက် ဘယ်ဒူးချက်ဖြင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် စိုးမိုးဟိန်း(မျိုးဆက်သစ်)။

ဇင်လင်းထွန်း(ဓနုဖြူ)

အဆင်အပြင် - ကိုမင်း



မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထိုးနှံပေးမည်

နေပြည်တော် ဩဂုတ် ၁၉

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ သွေးလှူဒါန်းနေကြသော Rh (-)ve သွေးအုပ်စုရှိ သွေးလှူရှင်များအား အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်၍ ဩဂုတ် ၂၈ ရက်မတိုင်မီ သွေးလှူဘဏ်သို့ လာရောက်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၉-၈-၂၀၁၀)

နေပြည်တော်ပျဉ်းမနား	၁	ဒသမ	၀၆	လက်မ
နေပြည်တော်(ရေဆင်း)	သုည	ဒသမ	၇၄	လက်မ
မောင်တော	၃	ဒသမ	၇၈	လက်မ
ပြည်	၂	ဒသမ	၆၈	လက်မ
ဇောင်းတူ	၂	ဒသမ	၄၈	လက်မ
အမ်း	၂	ဒသမ	၂၁	လက်မ

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၁၉

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၂၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)